မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီဂျစ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ အာမက် နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘုတလင်မြို့နယ်၌ ရေလျှံတွင်းထွက်ရှိ ရေဖူလုံသဖြင့် ကျေးရွာပြည်သူများ ဝမ်းသာ

ဘုတလင် ဇူလိုင် ၂၂

ဘုတလင်မြို့နယ် အုတ်ဖိုကျေးရွာတွင် ရေလုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်ရန် ဗိုလ်မှူးရွှေမော် (တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံ၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်)၊ ဒေါ်တင်တင် (မှန်နှင့်အလူမီနီယံရောင်းဝယ်ရေးနှင့် ရွှေမော်-၄၅ ရွှေတွင်းတူးဖော်ရေးကုမ္ပဏီ)မိသားတစ်စုက အလှူငွေကျပ် ၂၄ သိန်းကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဆောင်းပါးအညွှန်း

တကယ်တော့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း လျှောက်လှမ်းခြင်းဟာ အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်ဖြစ်သလို နိုင်ငံတည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုတွေကို အခိုင်အမာ တည်ဆောက်ရင်း ပြည်သူအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့အတွက် အလျော်ကန်ဆုံး၊ အန္တရာယ်အကင်းဆုံး၊ အသင့်မြတ်ဆုံးလမ်းကြောင်းလည်း ဖြစ်ပါတယ်။

လူ့သစ်၏ ဆောင်းပါး စာ ၈ - ၉

လက်ဖက်ကောင်းထွက်ရှိရာ နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာ

လက်ဖက်ကောင်းထွက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့အနီး ဇယန်းကြီးကျေးရွာ၏ မြင်ကွင်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ဘိုဘိုမင်း(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့ရိုးရာလက်ဖက်တွင် ဇယန်းလက်ဖက်မှာ အညွန့်အခက်ပျော့ပျောင်း၍ အရသာထူးကဲမှုကြောင့် လူကြိုက်များသည်။ ဇယန်းလက်ဖက် ထွက်ရှိရာဒေသမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့အနီးတွင် တည်ရှိသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် နယ်စပ်ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးရေးသားရန် ကျောက်မဲမြို့မှတစ်ဆင့် နမ့်ဆန်မြို့အနီးရှိ ဇယန်းကြီးကျေးရွာသို့ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✳

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇူလိုင် ၂၃ ရက်)

နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ တိုးချဲ့တည်ထောင်ဖွင့်လှစ် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရန်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အပါအဝင် လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံလူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများဖြစ်၍ ကျေးလက်နှင့်မြို့ပြ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ဖော်ဆောင်ရာတွင် ကျေးလက်ပြည်သူများသည် ပညာဗဟုသုတတိုးပွားပြီး အသိပညာ မြင့်မားလာစေရေးအတွက်ရည်ရွယ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်ပေးလျက်ရှိသည်။ကျေးလက်စာကြည့်တိုက်များကို ပြည်နယ်နှင့်တိုင်းအနှံ့ တည်ထောင်ဖွင့်လှစ်ခြင်းဖြင့် ကျေးလက်ပြည်သူများ စာဖတ်သည့်အလေ့အထကောင်းများ ရရှိလာမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကကျပြီး အရည်အချင်းပြည့်ဝသည့် အသိပညာနှင့် အတတ်ပညာရှင်များဖြစ်ထွန်းလာရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျေးလက်ဒေသရှိ လူငယ်လူရွယ်များအတွက် အခြေခံပညာကျောင်းဆောင်သစ်များ၊ တွဲဖက်အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပြီး ကျေးလက်ဒေသနေလူငယ်လူရွယ်များ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားလာသည်နှင့်အမျှ အတွေးအခေါ်အဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ အမှားအမှန် ဝေဖန်ဆုံးဖြတ်နိုင်စွမ်းရှိ၍ နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ဒေသနေပြည်သူများ စာပေဗဟုသုတကြွယ်ဝပြီး အရည်အချင်းပြည့်ဝသော အသိပညာနှင့် အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇော်ပါ** (အပိုင်း-၁၈)
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၁)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၁၅)
၂၂။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၁၇)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ၌ သစ်ပင်စိုက်ပျိုးပွဲ

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဗလသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာများ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်စနာရီကကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပိတောက်ပင်နှင့် စိန်တလုံးသရက်ပင်တို့ကို အထိမ်းအမှတ်သစ်ပင်အဖြစ် စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ပိတောက်ပင်နှင့်ပိန္နဲပင်တို့ကို စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးကြ

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ အရိပ်ရလေကာပင်များနှင့် နှစ်ရှည်သီးပင်၊ စားပင်များကို စိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများနှင့်မိသားစုများ၏ သစ်ပင်ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ မဲဇလီ၊ ကံ့ကော်၊ တမာ၊ မန်ကျည်း၊ သစ်ဆိမ့်၊ ပိန္နဲ၊ စိန်ပန်းကြီး၊ စိန်ပန်းပုနှင့်မဟော်ဂနီ စသည့် အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် စုစုပေါင်း ၈၉၅၀ကျော် စိုက်ပျိုးပြီးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရာတော်၌ ကျောက်စုဆောင်း

အရာတော် ဇူလိုင် ၂၂

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အရာတော်- ဝါးတောမ ကျောက်ချောလမ်းအတွက် ကျောက်စုဆောင်းထားရှိမှုကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးသိန်းမင်းက စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာလွင်က ရှင်းလင်းတင်ပြသည်။ *(မြို့နယ်စည်ပင်)*

ဖယောင်းတောင် ရွှေစက်ရုံနှင့် စကျင်ထုတ်လုပ်မှုလုပ်ငန်းခွင် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၂

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇူလိုင် ၁၈ရက်တွင် ဖယောင်းတောင်ရွှေစက်ရုံသို့ရောက်ရှိပြီး တာဝန်ရှိသူတို့၏တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

တိုးချဲ့ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် စက်ရုံ၌ ရွှေသတ္တုရိုင်းကြိတ်ခွဲနေမှု၊ ရွှေသန့်စင်နေမှု၊ ရွှေကြမ်းထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေအထွက်တိုးရေး တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးသည် မတ္တရာမြို့နယ် စကျင်တောင်ဒေသရှိ စကျင်ထုတ်လုပ်မှု လုပ်ငန်းခွင်သို့ရောက်ရှိပြီး လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး၊ အရည်အသွေးမီ ကျောက်များထုတ်လုပ်ပြီး အဆင့်အတန်းမီ ရုပ်တုများ တီထွင်ကြံဆ ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဆွေးနွေးမှာကြားကာ အရည်အသွေးမီစကျင်ကျောက်တုံးကြီးများ ထုတ်လုပ်နေမှုနှင့် စကျင်ကျေးရွာ၌ ရုပ်တုများထုလုပ်နေသော လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုအားပေးပြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာရှိ ထက်ရည်လင်းရွှေလုပ်ငန်းရုံးခန်း၌ ရွှေလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဗိသုကာအသင်း ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၅/၀၉)ကို ဇူလိုင် ၂၅ရက် (စနေနေ့) ညနေ ၃ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)မြေညီထပ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် ဦးသန်းတင်အောင်၊ ဦးဆန်းဦး၊ ဦးမော်လင်း၊ ဦးဝင်းမြင့်(၁)တို့က Thesis Presentation & Report Writing ခေါင်းစဉ်ဖြင့်ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။ CPDPoint များပေးမည်ဖြစ်ပါသဖြင့် Registered Architect များ မပျက်မကွက် တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် နိုင်ကြောင်း သိရသည်။ **(ဗိသုကာအသင်း)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဓမ္မာရုံလမ်းနေ မိဘများဖြစ်သော ဦးရွှေလှ-ဒေါ်မမကြီးနှင့် အဒေါ် ဒေါ်ခင်စိန်တို့အားရည်စူး၍ ဦးစိန်လှထွန်း-ဒေါ်စန်းစန်းလွင်နှင့် ဦးအောင်ကြီး-ဒေါ်သက်စုလှိုင်မိသားစုတို့က ဆွမ်းပဒေသာပင်နှင့်လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

● *ရှေ့ဖုံးမှ*

ပထမဆုံး

ဇွန်၃၀ရက်က အဆိုပါ စက်ရေတွင်းအား ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ တူးဖော်ခဲ့ရာ အနက်ပေ ၄၅၀၌ ရေများအလိုအလျောက် လျှံထွက်ကာ ရေလျှံတွင်းဖြစ်ပေါ်ခဲ့သည်။ ဘုတလင်မြို့နယ်အတွင်း ၎င်းရေလျှံတွင်းမှာ ပထမဆုံးဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၇၅၀ဖြစ်သည်။

အားရဝမ်းသာ

အဆိုပါ စက်ရေတွင်းကို ဇူလိုင် ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်၊ အမှုဆောင်အရာရှိ ဦးစိုးလွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင်နှင့် အလှူရှင်ဦးရွှေမော်တို့ ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ခဲ့သည်။ ကျေးရွာနေပြည်သူများကယင်းကဲ့သို့ ရေဖူလုံစွာရရှိသဖြင့် အားရဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အီဂျစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၉ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက် အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၂၂

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၀)နှင့် (၁၁)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများချိန်ကာလရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ဇူလိုင် ၂၂ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၀)နှင့် (၁၁)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြှားအမှတ်အသား ပြသထားမည်။

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် "ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"က ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများချိန်ကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့်ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ဇူလိုင် ၂၂ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ အနာဂတ် ဒေါ်အောင်ဆန်းစုကြည်နှင့် မပတ်သက်နိုင်

[ဇူလိုင်၁၆ရက်က အမေရိကန်ပြည်ထောင်စု၌ ထုတ်ဝေသည့် The Huffington Post သတင်းစာတွင် ဖော်ပြပါရှိသော သတင်းထောက် Virginia M. Moncrieff ရေးသားသည့် "The Future of Burma Cannot Be Tied to Aung San Suu Kyi" ခေါင်းစဉ်ပါ ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။]

The Future of Burma Cannot Be Tied to Aung San Suu Kyi

The Huffington Post

July 16, 2009

Virginia M. Moncrieff (International Correspondent)

That old chestnut question "name six people you would love to have to dinner" usually holds no surprises. The guest list from many liberal forward-thinking (and may I also point out -- male) types will include Aung San Suu Kyi. She is regarded as the epitome of elegance and sacrifice. The pinup girl for human rights causes. ....

....

....

ဒေါ်အောင်ဆန်းစုကြည်ကို ရည်မွန်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့၏ စံပြအဖြစ် သာမန်အားဖြင့် ရှုမြင်ကြသည်။ သူ့ကို လူ့အခွင့်အရေးအတွက် ရုပ်ပုံလွှာအဖြစ်လည်း ထင်မြင်ကြသည်။ ယခုလို ထင်မြင်ယူဆမှုများကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထိမိသောဆွေးနွေးမှု တစ်စုံတစ်ရာ ပြုလုပ်ရန်အတွက် မျှော်လင့်ချက်ကင်းမဲ့စေခဲ့သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်အား ဝေဖန်ပြောဆိုရန်မှာလည်း ယခုအချိန်တွင် ခက်ခဲလျက်ရှိပါသည်။ ယခုကဲ့သို့ သူ့ကို ကိုယ်ကျိုးစွန့်အနစ်နာခံသူအဖြစ် မြင်နေကြခြင်းကြောင့် သူသည် လူသိရှင်ကြားဝေဖန်မှုမှ ကင်းလွတ်ခွင့် ရရှိနေပါသည်။ ယင်းသည် သူ့အားကျဆုံးစေမည့် အချက်ပင်ဖြစ်သည်။ သူ့အနေဖြင့် မည်မျှလောက်ကြီးမားသည့် စွန့်လွှတ်စွန့်စားမှုများကို ပြုလုပ်ခဲ့သည် ဆိုစေကာမူ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် လူတစ်ဦးတစ်ယောက်၏ ဆောင်ရွက်ချက်နှင့် အတွေးအခေါ်ပေါ်တွင်သာ မှီတည်၍ မနေနိုင်ပါ။ တကယ်တော့ သူသည် ဥပဒေကို ချိုးဖောက်ခဲ့ခြင်းသာဖြစ်ပါသည်။ တစ်ဖက်တွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သူ၏စကားကို နားယောင်၍ သူ၏လိုအင်များအတိုင်း ပိတ်ဆို့မှုများကို ချမှတ်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း ၄၈ သန်းသော မြန်မာပြည်သူတို့မှာ ယင်းပိတ်ဆို့မှုများ၏ဒဏ်ကို ဆက်လက် မခံစားလိုကြတော့ပါ။

မှားယွင်းနေ

အမှန်တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်၏ နည်းဗျူဟာသည် အခြေခံမှစ၍ အပြစ်အနာဆာများဖြင့် မှားယွင်းနေသည်။ မြန်မာအစိုးရကို အထီးကျန်ဖြစ်အောင် ထားရမည်၊ မြန်မာနိုင်ငံကိုလည်း တင်းကျပ်သည့် ပိတ်ဆို့အရေးယူမှုများ လုပ်ရမည် ဟူသော နည်းဗျူဟာကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တရားသေဆုပ်ကိုင်ထားသည်။ ယင်းသို့ ဆုပ်ကိုင်ထားခြင်းကြောင့် သူသည် တပ်မတော်အစိုးရနှင့် ပိုမိုဝေးကွာသွား၍ သူအကူအညီပေးရန် ရည်ရွယ်ထားပါသည်ဆိုသော ပြည်သူများကိုလည်း အပြစ်ပေးနေသည့်သဖွယ်ဖြစ်နေပါသည်။

မတိုးတက်နိုင်

ပြည်တွင်းပြည်ပမှ ဒီမိုကရေစီလှုပ်ရှားသူများကလည်း သူ၏ ပိတ်ဆို့မှုလမ်းစဉ်မှာ မှားယွင်းနေကြောင်း သိလာကြသည်။ သို့ရာတွင် ယင်းသို့ မှားယွင်းနေကြောင်း လူသိရှင်ကြား ဝေဖန်ရန်ကိုမူ ဝန်လေးနေကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်မှာလည်း မြန်မာနိုင်ငံအရေးတွင် သူ၏နေရာကို ရယူနိုင်သူမရှိဟူ၍ ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကိုသာ ၎င်းတို့၏ တိုက်ပွဲခေါ်သံအဖြစ် ဆက်လက်ဆုပ်ကိုင်ထားသည်။ တကယ်တော့ ထိုကာလများမှာ ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ ယခုလို အနှစ် ၂၀ကျော်ခဲ့ပြီးအချိန်တွင် ဆွေးနွေးပွဲစားပွဲဆီသို့ ဦးတည်ခြင်းသည်သာ အသင့်တော်ဆုံးဖြစ်ပါသည်။ တပ်မတော်အစိုးရ၏ ကမ်းလှမ်းမှုမှန်သမျှကို ငြင်းဆိုနေခြင်းမှာ အများပြက်ရယ်ပြုစရာဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တပ်မတော်အစိုးရ၏ အရပ်သားလွှတ်တော် ခေါ်ယူရေးကိစ္စကို လုံးဝငြင်းဆိုလျက်ရှိပါသည်။ ယင်းသို့ ငြင်းဆိုနေမည်ဆိုလျှင် မြန်မာ့အရေးသည် မည်သို့မျှ မတိုးတက်နိုင်ပါ။

ပြည်သူ့အကျိုးစီးပွား

သူရင်ဆိုင်နေရသည့်အမှု ပြီးဆုံးချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၌ အပြစ်မရှိကြောင်း တရားရုံးက ဆုံးဖြတ်လိမ့်မည်ဟု မျှော်လင့်ထားသူ ဦးရေမှာ နည်းလှသည်။ မည်သို့ပင်ဖြစ်စေ ၄၈ သန်းသော မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် စတင်ဆောင်ရွက်သင့်ပြီ ဖြစ်ပါသည်။ ။

ကျေးလက်လမ်း ကျောက်ချောခင်း

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် နတ်ရေတွင်း(ကျေးလက်)ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားရှိခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကြာလင်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တန့်ဆည်- မှန်ရင်း လမ်း၊ တံတား ကွင်းဆင်းစစ်ဆေး

တန့်ဆည် ဇူလိုင် ၂၂

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်တန့်ဆည်-မှန်ရင်းလမ်းတံတားဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးငွေး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အီရတ်နိုင်ငံတစ်ဝန်း၌ ဗုံးဖောက်ခွဲမှုများ ဆက်လက်ဖြစ်ပေါ်

ပြည်သူအများ ယခုတိုင်တည်ငြိမ်မှုမရသေး

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန်ဦးဆောင်သောတပ်များ ၂၀၁၁ခုနှစ်အကုန်၌ အပြီးတိုင်ရုပ်သိမ်းမည်ဖြစ်သော်လည်း ယခုအချိန်မှစ၍ ၎င်းနိုင်ငံမြို့ကြီးများမှ အမေရိကန်တပ်များ စတင်ရုပ်သိမ်းနေပြီဖြစ်သည်။

သို့ရာတွင် ၎င်းနိုင်ငံနေရာအနှံ့အပြား၌ အယ်လ်ခိုင်ဒါအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူအများအပြားမှာ ယခုတိုင် တည်ငြိမ်မှုမရရှိနိုင်သေးချေ။

အန်ဘာပြည်နယ် ရာမာဒီမြို့၌ ဇူလိုင် ၂၁ရက်က ကားဗုံးပေါက်ကွဲရာ အရပ်သား တစ်ဦးသေဆုံးပြီး ၁၈ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဖော်ပြ

ယင်းပေါက်ကွဲမှုသည် ရာမာဒီမြို့၌ လုံခြုံရေးတပ်ဖွဲ့ကင်းလှည့်ယာဉ်ကို ပစ်မှတ်ထားတိုက်ခိုက်ရာမှ အရပ်သားအများအပြား ထိခိုက်ခဲ့ရခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦး၏ သတင်းပေးပို့ချက်အရ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ကီလိုမီတာ ၁၁၀အကွာရှိ အန်ဘာပြည်နယ်သည် ၂၀၀၃ ခုနှစ်က အမေရိကန်ဦးဆောင်သော တပ်များ အီရတ်နိုင်ငံအတွင်း စတင်ကျူးကျော်ဝင်ရောက်ကတည်းက အယ်လ်ခိုင်ဒါအဖွဲ့များ အကြမ်းဖက်သောင်းကျန်းမှု အဆိုးရွားဆုံးဖြစ်ပွားရာ ပြည်နယ်ဖြစ်သည်။

သေဆုံး

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း အန်ဘာပြည်နယ်၌ ဆွန်နီသူပုန်များနှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့အား အမေရိကန်တပ်နှင့် အီရတ်တပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်မှုကြောင့် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများ သေဆုံးခဲ့ရသည်။

ယင်းနေ့စောစောပိုင်းက ဘဂ္ဂဒက်မြို့ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲမှုနှစ်ကြိမ် တစ်ပြိုင်တည်းဖြစ်ပွားရာ ဆောက်လုပ်ရေးအလုပ်သမားသုံးဦးသေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘာကူဘာပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှု ထပ်ဆင့်ဖြစ်ပွားရာ ပြင်းထန်စွာဒဏ်ရာရရှိသည့် အရပ်သားတစ်ဦး ဆေးကုသမှုခံယူနေရသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဆာဒါစီးတီးမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နိုင်ငံ ပက်တီရာပြည်နယ်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ကဘူးလ် ဇူလိုင် ၂၂

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများ၏အကြမ်းဖက်တိုက်ခိုက်မှု အမေရိကန်တပ်မှ မှားယွင်းပစ်ခတ်မှုများကြောင့် အာဖဂန်ပြည်သူအများ လူမှုဒုက္ခမျိုးစုံ ခံစားကြရသည်။

ပစ်မှတ်ထား

အာဖဂန်နိုင်ငံအရှေ့ပိုင်း ပက်တီရာပြည်နယ်ဂါဒက်ရှ်ဒေသရှိ အစိုးရအဆောက်အအုံများကိုပစ်မှတ်ထားလျက် ဇူလိုင် ၂၁ရက် နံနက်ပိုင်းက အသေခံဗုံးဖောက်ခွဲရေးသမားတစ်စု၏လက်ချက်ကြောင့် ဒေသခံပြည်သူငါးဦး သေဆုံးကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အသေခံဖောက်ခွဲ

ယင်းနေ့နံနက်ပိုင်းက ဂါဒက်ရှ်ဒေသ၌ အသေခံဖောက်ခွဲမှုများ အဆက်မပြတ်ဖြစ်ပွားခဲ့ရာ အာဖဂန်ပြည်သူများ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အဆိုပါ ဖောက်ခွဲရေးသမားများသည် အမျိုးသမီးဝတ်စုံ ဝတ်ဆင်ထားပြီး အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ယင်းဒေသကို ပြည်နယ်အာဏာပိုင်အဖွဲ့က ထိန်းချုပ်ထားကြောင်း ပြည်နယ်ရဲမှူး အဇစ်အာမက်ဝါဒက်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်မှအမေရိကန်တို့ စတင်ဆုတ်ခွာခဲ့သည့် ကာလအတွင်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ

ဘဂ္ဂဒက် ဇူလိုင် ၂၂

လွန်ခဲ့သော သီတင်းပတ်သုံးပတ်ကတည်းက အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများနှင့် ဒေသများမှ အမေရိကန်တပ်များ ရုပ်သိမ်းသွားခဲ့ကြသော်လည်း ယင်းနိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင် ၂၁ရက် တစ်ရက်တည်းမှာပင် အီရတ်ပြည်သူ ၂၄ဦး သေဆုံးခဲ့ပြီး ၁၄၀ဒဏ်ရာရရှိခဲ့သည်-

ဘဂ္ဂဒက်မြို့ - *ဆာဒါစီးတီးအရပ်တွင် ဗုံးသုံးလုံးပေါက်ကွဲမှုကြောင့် ရှစ်ဦးသေဆုံးပြီး ၅၂ဦး ဒဏ်ရာရရှိခဲ့သည်။ ကာရာဒါခရိုင်တွင် ရေအရင်းအမြစ်ဝန်ကြီး၏ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ရာ အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒိုရာဈေးအနီး ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ ဘက်ဆ်အယ်လ်မူအက်ဒမ်အရပ်တွင် အသုဘလိုက်လံပို့ဆောင်သူ များအား ဗုံးခွဲတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ရက်ချ်မာနီယာအရပ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ငါးဦး ဒဏ်ရာရရှိခဲ့သည်။*

ဟတ်စ်ဆေနီယက်ချ်မြို့ - *ယင်းနေ့ညနေပိုင်းက ဟတ်စ်ဆေနီယက်ချ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၂၉ ဦးဒဏ်ရာရရှိခဲ့သည်။*

ရာမာဒီမြို့ - *ရာမာဒီမြို့မြောက်ပိုင်း စားသောက်ဆိုင်တစ်ဆိုင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့သည်။*

မိုဆူးလ်မြို့ - *သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။ ရာအက်စ်အယ်လ်ဂျာဒါအရပ်အနီးတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အရာရှိတစ်ဦးနှင့် ၎င်း၏အရပ်သားအဖော်တို့ ဒဏ်ရာရရှိခဲ့သည်။ အယ်လ်ကရာမာအရပ်တွင် ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။*

ဘာကူဘာမြို့ - *အမှိုက်ပုံအတွင်းထောင်ထားသောဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးငယ်သေဆုံးခဲ့သည်။*

ဟီလာမြို့ - *၎င်းဒေသတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ယင်းကားပေါ်တွင် စီးနင်းလိုက်ပါလာသူငါးဦး ဒဏ်ရာရရှိခဲ့သည်။*

တာဂျီမြို့ - *ကားတွင်းဗုံးထောင်တိုက်ခိုက်ခံရမှုကြောင့် ကုမ္ပဏီမန်နေဂျာတစ်ဦး သေဆုံးခဲ့သည်။* ***(အင်တာနက်)***

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ ဗုံးပေါက်ကွဲ အရပ်သားသုံးဦးသေဆုံး၊ ၃၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ ဇူလိုင် ၂၁ရက်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ အရပ်သား သုံးဦးသေဆုံးပြီး ၃၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

ဗုံးနှစ်လုံးပေါက်ကွဲ

ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြရန် စောင့်ဆိုင်းနေကြသော ဆောက်လုပ်ရေးအလုပ်သမားများအနီးတွင် စက္ကန့်အနည်းငယ်သာခြား၍ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

မျက်မြင်တွေ့ရှိ

ပထမဗုံးမှာ ထမင်းဘူးအတွင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ ဒုတိယဗုံးမှာ အမှိုက်ပုံအနီးရှိ ပိုက်လိုင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဆာဒါစီးတီးအရပ်၌ ဇွန် ၂၅ရက်က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှု၌လည်း အရပ်သား ၇၈ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အပျက်အစီး

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ် ဂါဒက်ဒေသ၌ နေတိုးတပ်ဖွဲ့၏ စစ်ခြေစိုက်စခန်းအပြင်ဘက်တွင် အသေခံကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည်ကို ဇူလိုင် ၂၀ရက်ကတွေ့ရစဉ်။ **(ယင်းဖြစ်ရပ်ကြောင့် အာဖဂန်ပြည်သူနှစ်ဦး သေဆုံးခဲ့သည်။)**

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ စစ်သွေးကြွများအား အပြီးသတ်နှိမ်နင်းမည်

ကန်ဒါဟာ ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်စစ်သွေးကြွများ ခိုအောင်းရာဒေသဖြစ်သည့် ကန်ဒါဟာမြို့၌ အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့တို့ ပူးပေါင်းကာ ထိုးစစ်ဆင်သည့်တိုက်ပွဲ၌ တာလီဘန်စစ်သွေးကြွ သုံးဒါဇင်ခန့် ချေမှုန်းနိုင်ခဲ့ကြောင်း ဇူလိုင် ၂၁ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ယင်းစစ်ဆင်ရေး၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အနီးဝန်းကျင်ဒေသဖြစ်သည့် ဟယ်လ်မန့်ပြည်နယ်ရှိ စစ်သွေးကြွများအား နှိမ်နင်းခဲ့သည်။

အာဖဂန်တပ်ဖွဲ့က လာမည့် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်း ၎င်းနိုင်ငံရှိ တာလီဘန်စစ်သွေးကြွများအား အပြီးသတ်နှိမ်နင်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားရှိသည်။ **(အင်တာနက်)**

ယာဉ်တိမ်းမှောက်

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ်တွင် ခရီးသည်တင်ဘတ်စ်ကား တစ်စီး တိမ်းမှောက်ခဲ့သည်ကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။ (ယင်းယာဉ်မတော်တဆမှုကြောင့် ကိုးဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**



အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၇၉၉၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၅၆၉၀၅ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအီရတ်ပြည်သူများ	၆၉၇၉၉၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၅၆၉၀၅ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး ဇူလိုင် ၂၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၈၁၆၇ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၆၈၁၁ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအာဖဂန်ပြည်သူများ	၈၁၆၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၁၆၈၁၁ ဦး

(အင်တာနက်)

ဒေသတွင်းတည်ငြိမ်ရေး ချဒ်နှင့်ဆူဒန်တို့ကြိုးပမ်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တိုက်တွန်း

ဂျီနီဗာ ဇူလိုင် ၂၂

ဒေသတွင်းတည်ငြိမ်ရေးအတွက် ချဒ်နိုင်ငံနှင့် ဆူဒန်နိုင်ငံတို့ လက်တွဲကြိုးပမ်းကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇူလိုင် ၂၀ရက်တွင် တိုက်တွန်းလိုက်သည်။

နှိုးဆော်

ဒေသတွင်းတည်ငြိမ်မှုရရှိရေးနှင့်တကွ ဒါဖာဒေသနှင့် ချဒ်နိုင်ငံအရှေ့ပိုင်းတို့၌ လူသားချင်း စာနာထောက်ထားရေး အခြေအနေတိုးတက်ကောင်းမွန်ရေးအတွက် ချဒ်အစိုးရနှင့် ဆူဒန်အစိုးရတို့အနေဖြင့် နှစ်ဆတိုး ကြိုးပမ်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နှိုးဆော်လိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်အစိုးရ လိုငွေပြမှု ခြောက်လအတွင်း ၃ဒသမ ၂ဘီလီယံရှိ

မနီလာ ဇူလိုင် ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် အသုံးစရိတ်မြင့်မားလာမှုကို ရရှိသည့် ဝင်ငွေက ကျားကန်ပေးနိုင်ခြင်းမရှိသဖြင့် ဖိလစ်ပိုင်အစိုးရအဖွဲ့၏ ယခုနှစ် ပထမခြောက်လအတွင်း ဘဏ္ဍာရေးလိုငွေပြမှုသည် ပီဆိုငွေ ၁၅၃ ဒသမ ၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ဒသမ ၂ဘီလီယံ)အထိ ရောက်ရှိနေရာ လွန်ခဲ့သည့်နှစ် အလားတူကာလ ကထက် ခုနစ်ဆပိုများကြောင်း ဘဏ္ဍာရေးဝန်ကြီး မာဂရစ်တိုတီဗက်က ဇူလိုင် ၂၀ရက်တွင် ပြောကြားသည်။

များပြား

ဖွန်လတစ်လတည်းအတွင်းပင်လိုငွေပြမှုသည် ပီဆို ၃၀ ဒသမ၂ဘီလီယံ (ဒေါ်လာသန်း ၆၃၀) အထိရှိရာ လွန်ခဲ့သည့်နှစ် ဖွန်လအတွင်းက ရှိခဲ့သည့် ပီဆိုသန်း ၈၀၀ (ဒေါ်လာ ၁၇သန်းခန့်)ထက် ထူးခြားစွာ များပြားလာခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဥရောပဒေသ၌ A(H1N1) ဖြစ်ပွားသူ ၁၆၉၆၉ဦးအထိ ရှိလာ

စတော့ဟုမ်း ဇူလိုင် ၂၂

ဥရောပဒေသရှိနိုင်ငံများတွင် လွန်ခဲ့သည့် ၂၄နာရီအတွင်း A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၇၄ဦးရှိကြောင်း ဥရောပ ကျန်းမာရေးဌာနက ပြောကြားသည်။

ဂျာမနီနိုင်ငံတွင် ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ ၆၃၅ဦး၊ ပြင်သစ်တွင် ၁၁၄ဦး၊ ဆွီဒင်တွင် ၄၈ဦး၊ဖင်လန်တွင် ၂၂ဦး၊ ပေါ်တူဂီတွင် ၁၅ဦး၊ နော်ဝေနှင့် မော်လတာတွင် ၁၃ဦးစီ၊ ချက်သမ္မတနိုင်ငံတွင် လေးဦး၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် အိုက်စလန်တို့တွင် နှစ်ဦးစီ၊ ဆလိုဗေးနီးယား၊ ရိုမေးနီးယား၊ ပိုလန်နှင့် လတ်ဗီးယားနိုင်ငံတို့တွင် တစ်ဦးစီရှိသည်ဟု ဥရောပဆိုင်ရာ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ထုတ်ပြန်သည့် နေ့စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဥရောပနိုင်ငံများတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေ ၁၆၉၆၉ ဦးအထိ မြင့်တက်လာသည်ဟု သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဘဲလေး

ဘရာဇီးနိုင်ငံ ဂျိုင်ဗီလီမြို့တွင် (၂၇)ကြိမ်မြောက် အကပွဲတော်၌ ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရုရှားတောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ရုရှားနိုင်ငံတောင်ပိုင်း ဗိုရိုဂရက်ဒေသတွင် ဇူလိုင် ၂၂ရက် နံနက်က အမ်အိုင်-၈ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားလေကြောင်းအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

နယူးဇီလန်နယ်စပ်၌ အင်အားပြင်းငလျင်လှုပ်

နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနယ်စပ် တယ်အမ်ယူမြို့အနီးတွင် ဇူလိုင် ၂၂ရက်က ရစ်ချ်တာစကေး ၇ဒသမ၈ အင်အားရှိသော ငလျင်လှုပ်သွားကြောင်း၊ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း နယူးဇီလန်နိုင်ငံ အရာရှိများက ပြောကြားသည်။

စပိန်နိုင်ငံ မာရီနာမြို့၌ သင်္ဘောများမီးလောင်မှုဖြစ်ပွား

စပိန်နိုင်ငံ မာရီနာမြို့ ဆိပ်ကမ်းတွင် ဇူလိုင် ၂၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော သင်္ဘောသုံးစင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားသည့်သင်္ဘောမှ အခြားသင်္ဘောနှစ်စင်းသို့ ကူးစက်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အေ ၃၃၀-၃၀၀ လေယာဉ် မိုးကြိုးပစ်ခံရ

အမေရိကန်ကင်းတပ်လေကြောင်းလိုင်းမှ အေ ၃၃၀-၃၀၀ လေယာဉ်တစ်စင်း ဇူလိုင် ၂၂ရက်က စင်ကာပူနိုင်ငံတကာလေဆိပ်မှ ပျံတက်ပြီး မကြာမီ မိုးကြိုးပစ်ခံရကြောင်း၊ သို့သော်လည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း စင်ကာပူလေကြောင်းအရာရှိများက ပြောကြားသည်။

အီရန်ခရီးသည်တင်လေယာဉ်မှ သေတ္တာနက်တွေ့ရှိ

အီရန်နိုင်ငံ တီဟီရန်မြို့အနီး လွန်ခဲ့သည့် သီတင်းပတ်က ပျက်ကျခဲ့သော အီရန်ခရီးသည်တင်လေယာဉ်မှ လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်သည့် သေတ္တာနက်ကို ဇူလိုင် ၂၂ရက်၌ ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အီရန်အရာရှိများက သတင်းထုတ်ပြန်သည်။

စပိန်အရှေ့မြောက်ပိုင်း၌ တောမီးလောင်ကျွမ်း

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း တာရာဂိုနာအရပ်တွင် ဇူလိုင် ၂၂ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး သစ်တောဧရိယာ ဧက ၈၀၀ခန့် မီးလောင်ကျွမ်းခံရကြောင်း စပိန်မီးသတ်တပ်ဖွဲ့မှ သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်သင်္ဘောသားများ ပြန်ပေးဆွဲရာမှ ပြန်လွတ်မြောက်

စင်ကာပူနိုင်ငံမှ ဓာတုပစ္စည်းများကို တင်ဆောင်လာသော ကုန်တင်သင်္ဘောမှ ဖိလစ်ပိုင်သင်္ဘောသားနှစ်ဦးကို ပြီးခဲ့သည့် ဇူလိုင်၂ရက်က နိုင်ဂျီးရီးယားလက်နက်ကိုင်များက ဖမ်းဆီးပြန်ပေးဆွဲသွားရာမှ ဇူလိုင် ၂၂ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း စင်ကာပူ အရာရှိများက ပြောကြားသည်။

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်အတွင်း ကူးတို့သင်္ဘောနစ်မြုပ်

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်အတွင်း ဇူလိုင် ၂၂ရက်က ခရီးသည် ၁၈၅ဦး တင်ဆောင်ထားသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ခရီးသည်နှစ်ဦး သေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဘရာဇီးရေတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပုလဲမြို့နယ်ထွေ/အုပ်ဦးစီး ပညာသင်စရိတ်ပေးအပ်

ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်ပေးအပ်ပွဲကို ဇူလိုင် ၁ရက် နံနက်က ပုလဲရတနာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်ငွေကျပ် ၁၀၂၅၀၀ကို ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးအေးလှိုင်က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်အိမ်ရာထူထောင်ရေး သစ်မာပင်စိုက်ပျိုး

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာအုပ်စုတွင် ကျေးလက် အိမ်ရာထူထောင်ရေးအတွက် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးရေး ကွင်းဆင်းသရုပ်ပြ ပညာပေးဟောပြောပွဲကို ဇွန် ၁ရက် နံနက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းမြင့်က သစ်ပင်စိုက်ပျိုးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောပြီး သစ်တောဝန်ထမ်းများက သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကို လက်တွေ့သရုပ်ပြသည်။(ခရိုင် ပြန်/ဆက်)

ကုဋ္ဌေဖြိုးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် ကုဋ္ဌေဖြိုးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက အသင်းရုံးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးအေးဖေနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ရွှေတို့က အမှာစကားပြောကြားကြသည်။ (၀၂၉)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆိပ်ဖြူ၌ဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ယောဝရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်နှင့် အဖွဲ့ပိုင် ပတ္တမြားဈေးတို့အား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အဖွဲ့ရုံးဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ဇူလိုင် ၁၈ရက်တွင် ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ်စည်ပင်)

အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ ကန့်ဘလူ၌ပေးအပ်

အရေးပေါ်တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲကို ဇူလိုင် ၄ရက် နံနက် ၁၀နာရီက ကန့်ဘလူမြို့နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်နှင့် တာဝန်ရှိသူများက အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ရပ်ကွက်၊ကျေးရွာအုပ်စု ၃၀တို့မှ ဥက္ကဋ္ဌများထံ ပေးအပ်သည်။ (၀၂၇)

မင်းတပ်ပြည်သူ့ဆေးရုံသို့ စက်ပစ္စည်းကိရိယာလှူဒါန်း

မင်းတပ်မြို့ပြည်သူ့ဆေးရုံသို့ ကဲရ်မြန်မာ(Care Myanmar)မှ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၄ရက် နံနက် ၉နာရီက ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ မင်းတပ်ခရိုင် အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ကဲရ်မြန်မာရန်ကုန်ရုံးချုပ်မှ Assistant Programme Coordinator ဒေါ်သင်းသင်းအောင်က ကဲရ်မြန်မာ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ လှူဒါန်းပစ္စည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ သဲကုန်း၌ပညာပေးဟောပြော

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို ဇွန် ၃၀ရက် နံနက် ၁၀နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်ပြေနှင့် မြို့နယ်မွေး/ကု ဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်တို့က လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ဟောပြောဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အမရပူရ၌ သစ်ပင်စိုက်ပျိုးရေး သစ်ပင်ပေးအပ်

မန္တလေးတိုင်း အမရပူရမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးရေး သစ်ပင်ပေးအပ်ပွဲကို ဇွန်၁၅ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းက အမှာစကားပြောကြားပြီး အမရပူရမြို့နယ် အရှေ့ခြမ်းအတွက် မကျီးကိုင်းကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အနောက်ခြမ်းကိုယ်စား ရွှေကြက်ယက်ကျေးရွာအုပ်စုဥက္ကဋ္ဌတို့အား ကျွန်းပင်များ စိုက်ပျိုးရန် ပေးအပ်သည်။ (၀၈၀)

ရှေးဦးပြုစုခြင်းသင်တန်း သာစည်တွင်ဖွင့်

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်၊ လူထုအတွင်း ရှေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဇွန်၁၇ရက် နံနက်၁၀နာရီက သာစည်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မင်းထူးက အမှာစကား ပြောကြားသည်။ (၀၉၄)

မိုးညှင်း ထွေ/အုပ်ဦးစီးဌာန ပညာသင်စရိတ်ပေးအပ်

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကို ဇွန်၂၇ရက် နံနက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူ၂၃ဦးတို့အား ငွေကျပ် ၁၅၅၅၀၀ ပေးအပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်/လမ်းစည်းကမ်းပညာပေးသင်ခန်းစာ သင်ကြားခြင်းအလုပ်ရုံဆွေးနွေးပွဲ
တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၂

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စည်းကမ်းလိုက်နာဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၇ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးက စည်းကမ်းလိုက်နာဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ရုပ်ပြသင်ခန်းစာစာအုပ်များ လွှဲပြောင်းပေးအပ်ရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် စည်းကမ်းလိုက်နာဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာ သင်ကြားခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျိုက်လတ်မြို့မဈေး ခြင်ဆေးဖျန်း

ကျိုက်လတ် ဇူလိုင် ၂၂

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမာမြို့ ခါးပြတ်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ
ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇူလိုင် ၁၉ ရက်က ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စုရှိ ခါးပြတ်ကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာသူ ကျေးရွာသားများ ရေလုပ်ငန်းများလုပ်ကိုင်ရန် ပြင်ဆင်မှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးခန်းလာရောက်ပြသနေသူများအား တိုင်းရင်းဆေးများကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ဒေါက်တာမြတ်မြတ်အုန်းခင်က တိုင်းရင်းဆေးဝါးများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ရွှေပြည်တန် ကွန်ကရစ်တံတားကြမ်းခင်းလောင်းခြင်းလုပ်ငန်းကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တံတားမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၇ရက်က ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးမှာကြား

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ လုပ်ငန်းတာဝန်(၁၁)ရပ်အောင်မြင်ရေး၊ စာကြည့်တိုက် ပညာသင်တန်းများကို တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များ တိုးတက်အောင်မြင်ရေး၊ ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောက်တန်းမြို့နေ ဦးထွန်းရှိန် (စာရေးဆရာသန်းဝင်းရှိန်) က စာကြည့်တိုက်များအတွက် သုတရသ စာအုပ်စာစောင် အုပ်ရေ ၆၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရေဦးမြို့နယ် အထွေထွေစီးပွားရေးသမဝါယမအသင်းစု
နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

ရေဦး ဇူလိုင် ၂၂

ရွှေဘိုခရိုင် ရေဦးမြို့နယ် ရွှေဇင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရေဦးမြို့နယ် သမဝါယမအသင်းစု ဖွဲ့စည်းရေးအခမ်းအနားကို မေ ၂၆ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် တိုင်းသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးစံဌေးတို့က အမှာစကားပြောကြားကြသည်။

ကတိသစ္စာခံယူ

ထို့နောက် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးစံဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးစိန်မြှောင်၊ ဒေါ်ခင်ခင်အေးနှင့် အသင်းသားစာရင်းစစ် ဦးစိုးမြင့်၊ ဦးမျိုးညွန့်တို့အား ရွေးချယ်တင်မြှောက်ပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

● *ကျေးဖုံးမှ*

ကျောက်ချောလမ်း ခင်းပြီးသွားပါက ပေစိကျေးရွာအုပ်စုမှတစ်ဆင့် ဒေါင့်ကြီးသောင်ရွာနှင့် အောက်ကျွန်းသောင်ရွာတို့အထိလည်း ခရီးလမ်းပေါက်သွားမည်။

အချိန်တိုအတွင်း

ညောင်တုန်းမြို့နယ်တွင် ပေစိကျေးရွာအုပ်စု၌ ဘောလုံးရွာ၊ ကညင်ကောက်ရွာ၊ လင်းဝင်ရွာနှင့် ပေစိရွာတို့ ပါဝင်လျက်ရှိရာ ယခု ပေစိကျောက်ချောလမ်းခင်းခြင်းကြောင့် ပေစိကျေးရွာအုပ်စုမှ

"ရာသီမရွေး သွားလာနိုင်တော့မှာမို့ ဝမ်းသာနေပါတယ်"

ကိုကျော်စွာမင်း
ပေစိရွာသား ။

ကျေးရွာများအတွက် ခရီးသွားလာရေးနှင့် စိုက်ပျိုးထုတ်ကုန်ပစ္စည်း တင်ပို့ရောင်းချရေးကိုအချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

စိုက်ပျိုးထုတ်ကုန်များ တင်ပို့ရေး ကျေးရွာအရောက် လမ်းတွေဖောက်ဟူသော စကားအတိုင်း ကျေးရွာများအထိ လမ်းများ ဖောက်လုပ်လျက်ရှိရာ ခရီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် စီးပွားရေး တိုးတက်ကာ ကျေးလက်နေ ပြည်သူများ၏ လူမှုနေထိုင်ပုံစနစ်လည်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

သွားလာရေး

ယခု ကျောက်ချောလမ်းခင်းတော့မည့်ပေစိလမ်းသည် အရှည်သုံးမိုင်နှင့် အကျယ်၁၈ပေရှိသည်။ ကျောက်ချောလမ်းခင်းပါက လမ်းအကျယ် ၁၂ပေအထိ ကျောက်ခင်းမည် ဖြစ်သည်။ ထိုသို့ ကျောက်ချောလမ်းခင်းပြီးပါက နွေ၊ မိုး၊ ဆောင်းရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။ လက်ရှိ မြေသားလမ်း အနေအထားလမ်းနှင့်ပင် ကျေးရွာသားများအတွက်သွားလာရေး အဆင်ပြေလျက်ရှိနေပြီဖြစ်သည်။

ခရီးပေါက်မည်

ကျောက်ချောလမ်း ခင်းပြီးသွားပါက ပေစိကျေးရွာအုပ်စုမှ တစ်ဆင့် ဒေါင့်ကြီးသောင်ရွာနှင့် အောက်ကျွန်းသောင်ရွာတို့ အထိလည်း ခရီးလမ်းပေါက်သွားမည်ဖြစ်သည်။ ထိုသို့ကျေးရွာချင်းဆက် လမ်းပေါက်သွားမှုကြောင့် စိုက်ပျိုးရေးထုတ်ကုန်များအပြင် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော ငါးများကိုလည်း အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်သည်။

ကုန်ပစ္စည်း

ပေစိကျေးရွာအုပ်စုတွင် တောင်သူများအနေဖြင့် စပါး၊ ငရုတ်၊ ပဲ၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသဖြင့် ဤကျောက်ချောလမ်းကို အသုံးပြုကာ ရန်ကုန်အထိ ထုတ်ကုန်ပစ္စည်းများ သယ်ယူတင်ပို့ ရောင်းချနိုင်တော့မည်ဖြစ်သည်။

ကျေးရွာချင်းဆက်လမ်းများကို သွားလာရေးလွယ်ကူ အဆင်ပြေရုံတင်မက ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက်လည်း မြေသားလမ်းမှကျောက်ချောလမ်းအထိ တိုးမြှင့်ဖောက်လုပ်ပေးခြင်းကြောင့် ပေစိကျေးရွာအလှကို ထပ်ဆင့်ဖော်ညွှန်းလှစ်ပတော့မည် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ကျောက်ချောလမ်းအဖြစ်ခင်းပြီးပါက ကျေးရွာသားများ ဤသို့ပစ္စည်းများ ခေါင်းရွက် သယ်ပိုးရန်မလိုဘဲ မော်တော်ယာဉ်များဖြင့် သယ်ယူနိုင်တော့မည့် မြင်ကွင်း။ (မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဘိုကလေးမြို့ ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးစဉ်။ (နယ်စပ်စည်ပင်)

ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းတို့၌ ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် ဇူလိုင် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇူလိုင် ၂၀ရက်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဘိုကလေးမြို့ ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဓိကအသုံးပြု

အဆိုပါ ဗိုလ်ဗထူးကတ္တရာလမ်းသစ်သည် လမ်းအရှည် ၁၉၈၅ပေ၊ အကျယ် ၁၂ပေရှိပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းဖြစ်သည်။ အဆိုပါ လမ်းဖောက်လုပ်ပြီးစီးခဲ့သည့်အတွက် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်တို့မှ ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်သည့်အပြင် ကမ်းနားတစ်လျှောက် တည်ရှိသည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများမှ မြို့ပေါ်သို့ ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားရာတွင် အဓိက အသုံးပြုနိုင်သည့် လမ်းဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်အားပေး

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇူလိုင် ၂၁ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသည့် မော်လမြိုင်ကျွန်းမြို့ စောလှဘော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကိုလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့ ယမုံနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်အားပေးသည်။

စောလှဘော်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၀၀ ၊ အကျယ် ၁၂ ပေရှိပြီး ယမုံနာလမ်းကတ္တရာလမ်းသစ်သည် အရှည် ၉၈၃ ပေ၊ အကျယ် ၁၆ ပေရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းများဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် လမ်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်လာကြသော ပြည်သူများနှင့် မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမတွင် တွေ့ဆုံသည်။ ဆက်လက်၍ ဝန်ကြီးသည် မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး မအူပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေကြယ်ပွင့် လူငယ်စွမ်းရည်မြှင့် အခြေခံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်)တည်ရှိရာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း အမှတ် ၃၇/G ရှိ သင်တန်းခန်းမ၌ ငွေကြယ်ပွင့်လူငယ်စွမ်းရည်မြှင့်တင် သင်တန်းဖွင့်ပွဲကို ဇူလိုင်၂၀ရက် နံနက်၉နာရီက ကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများ အပါအဝင် သင်တန်းသူ သင်တန်းသား ၄၀တက်ရောက်သည်။

ဦးစားပေး

သင်တန်းတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ဆက်နွယ်သောအန္တရာယ်များ လျှော့ချရေးကို အဓိကဦးစားပေးသင်ပြပြီး မူးယစ်ဆေးဝါးသုံးစွဲမှုလမ်းလွဲစေရေးအတွက် စာပေ၊ ဂီတ၊ ပန်းချီ၊ စိတ်ပညာ၊ စိတ်စွမ်းအား၊ တည်ငြိမ်မှု၊ ဘဝတွက်တာကျွမ်းကျင်မှု စသည့်ပညာရပ်များကို သက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်ကြီးများ၊ ဆရာဝန်ကြီးများက သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်လဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်း (သံအမတ်ကြီး-ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဆရာမကြီးဒေါ်တင်တင်တို့က အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်းတယစည်ပင် ပန်းအလှပင် စိုက်ပျိုး

ပင်းတယ ဇူလိုင် ၂၂

ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိရာ အဖွဲ့ရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးဘေးတွင် လမ်းဘေးကပ်တုံးပြုလုပ်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇွန်၂၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရေမြောင်းဆယ်ယူ

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် အရှည် ပေ ၂၆၄၀ရှိသော ဖြူးမြို့ အမှတ် ၂၄ လမ်းဘေးရေမြောင်းဆယ်ယူတူးဖော်ခြင်း လုပ်ငန်းကို ဇူလိုင် ၁၇ရက်က အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သဘင်ပညာရှင်ကြီးများအား ပံ့ပိုးလှူဒါန်း

စလင်း ဇူလိုင် ၂၂

စလင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး၏ ပထမအကြိမ် သက်ကြီးသဘင်ပညာရှင်ကြီးများအား ပံ့ပိုး လှူဒါန်းပွဲကို ဇူလိုင် ၈ရက် နံနက်ပိုင်းက စလင်းမြို့နယ် ကြောင်လိမ်သုံးထပ်လည်ပေါ်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးချန်ထွန်း (ရွှေချန်ထွန်း)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပူဇော်ခံ သက်ကြီးသဘင်ပညာရှင်များ တက်ရောက်ကြပြီး မြို့နယ်သဘင် ပညာရှင်ကြီးများက ပံ့ပိုးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ သက်ကြီးသဘင်ပညာကြီးရှင်များက သဘင်ပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်တံတား ကြံ့ခိုင်မှု စစ်ဆေး

ပြည် ဇူလိုင် ၂၂

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျေးလက်တံတားဖြစ်သော သဲကျဲကြီးတံတား ကြံ့ခိုင်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ဇင်ညွှန့်တို့က ကြည့်ရှုကြပ်မတ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ဆေးဖျန်း ဆောင်ရွက်

မြင်းမူ ဇူလိုင် ၂၂

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအစီအစဉ်အဖြစ် မြို့တွင်းရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဈေးနှင့်ရေဆိုးမြောင်းများ ခြင်ဆေးဖျန်းဆောင်ရွက်ခြင်းကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ အာသောကရပ် အမှတ်(၃) အမကကျောင်း၌ ခြင်ဆေးဖျန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် အမှတ်(၄)နယ်မြေ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်တို့က ကြီးကြပ်၍ ကျန်းမာရေး ဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းပက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

23-7 (07).pmd 1 7/23/2009, 3:26 AM

ပြည်သူ့ဆန္ဒကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသူများ - ဝိုင်းဝန်းဖယ်ရှား (၁)

လူသစ်

မြန်မာပြည်သူတစ်ရပ်လုံးက တစ်ပါတီစနစ်အစား ဥပဒေနဲ့အညီ ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင် ရှင်သန်ခွင့်ရရှိတဲ့ ဒီမိုကရေစီစနစ်ကို လိုလားတာ အားလုံးအသိပါ။ အလားတူ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစု တစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးနေတယ် မဟုတ်လား။ ဒီလို ကြိုးပမ်းဖော်ဆောင်မှုတွေကြောင့် အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်မြင်မှုတွေ ရရှိနေတာကိုလည်း အားလုံးလက်တွေ့ မျက်မြင်ပဲ မဟုတ်ပါလား။

တစ်ဖက်က ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရင်း အခြားတစ်ဖက်ကလည်း ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးကို အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲအမျိုးမျိုးကြားက မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံ ကျင်းပခြင်း၊ အခြေခံဥပဒေမူကြမ်း ရေးသားပြုစုခြင်း၊ အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုခြင်း စသဖြင့် လုပ်ငန်းအဆင့်တိုင်းကို အောင်မြင်စွာ ဖြတ်သန်းချီတက်နိုင်ခဲ့ပြီးပါပြီ။

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာမှာ ဆန္ဒခံယူပွဲ ဥပဒေတွေ၊ နည်းဥပဒေတွေကို နိုင်ငံတကာစံနှုန်းများနဲ့အညီ စနစ်တကျ ရေးဆွဲထုတ်ပြန် ပြဋ္ဌာန်းပြီး အဲဒီဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူ လွတ်လပ်ပြီး တရားမျှတတဲ့ ဆန္ဒခံယူပွဲ ဖြစ်စေရန်အတွက်လည်း ဗဟိုမှ အောက်ခြေအဆင့်ဆင့်အထိ ကော်မရှင်များ ဖွဲ့စည်းပေးပြီး စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်ပေးခဲ့တာပါ။ ဒါ့အပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရော ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများကိုပါ အချိန်မီ ကြိုတင်ထုတ်ပြန် ဖြန့်ချိပေးခဲ့ပြီး ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်အောင်လည်း စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပတဲ့နေ့မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ သံတမန်တွေ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်တွေ အားလုံးကို ဒေသအသီးသီး အရောက် ပို့ဆောင်ပေးပြီး ပြည်သူများကိုယ်ပိုင်ဆန္ဒနဲ့အညီ လွတ်လပ်စွာ မဲပေးနေတာတွေ မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့တာ ကျွန်တော်တို့အားလုံး မှတ်မိကြဦးမှာပါ။ တစ်ဖက်ကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် ထောက်ခံလိုသူများရော၊ ကန့်ကွက်လိုသူများပါ မိမိဆန္ဒအလျောက် လွတ်လွတ်လပ်လပ် မဲပေးခွင့်ရရှိအောင် မျှမျှတတ စီစဉ်ဆောင်ရွက်ပေးခဲ့တာ အမှန်ပါပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့ ကိုယ်တွေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီး တရားမျှတမှု အပြည့်အဝရှိတာ ပြောဖို့မလိုအောင် ထင်ရှားလှပါတယ်။

အဲဒီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲပေးသူအားလုံးရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံ အတည်ပြုပေးခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီအခြေခံဥပဒေဟာ ယနေ့ပြည်သူအများစုက Mandate ပေးခြင်းခံရတဲ့ အခြေခံဥပဒေ ဖြစ်သွားခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီလို အခြေခံဥပဒေကို အများစုက ထောက်ခံခဲ့ကြတာဟာ ပြည်သူများအနေနဲ့ အခြေခံဥပဒေကို တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဒီလောက်အထိ သောင်းသောင်းဖြဖြ ထောက်ခံခဲ့ကြတာဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရအပေါ် တကယ်ယုံကြည်အားကိုးလို့သာ ဖြစ်ပါတယ်။ နှိုင်းယှဉ်ပြီးပြောရရင် ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့စဉ်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ပါတီကလပ်စည်း အဆင့်ဆင့်အနေနဲ့ အခြေခံခိုင်ခိုင်မာမာ ရပ်တည် စုဖွဲ့ထားပြီးသား၊ ကွက်ပြည့်စည်းရုံးထားပြီးသား အခြေအနေမျိုးမှာတောင် ထောက်ခံမဲ ၉၀ဒသမ၁၇ရာခိုင်နှုန်းသာ ရရှိခဲ့တာကို မှတ်မိပါသေးတယ်။ တကယ်ဆိုအခြေအနေအရပ်ရပ်က ယခုထက်ပိုပြီး ထောက်ခံမဲရသင့်တဲ့ အခြေအနေမျိုးမဟုတ်လား။ ဒါပေမယ့် ဒီနေ့ လူထုရဲ့ ထောက်ခံမှုကို မမီနိုင်တာ တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနေ့ ကာလလို ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်တွေက အဘက်ဘက်ကစည်းရုံး ဆန့်ကျင်ဖိအားပေးနေတဲ့ အခြေအနေအရပ်ရပ်ကြားထဲက ၁၉၇၄ခုနှစ် အခြေအနေကို ကျော်လွန်ပြီး ၉၂ဒသမ၄၈ရာခိုင်နှုန်း ထောက်ခံမဲ ရရှိခဲ့ခြင်းဟာ ပြည်သူက တကယ်နှစ်သက်လို့ တကယ်လက်ခံလို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ပြည်သူများအပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဒီလိုမျိုး တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြတာဟာ တည်ဆဲအစိုးရအနေနဲ့ ယနေ့ ပြည်သူတွေရဲ့ အဓိကလိုလားချက် ဆန္ဒကြီး(၃)ရပ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်းရှိတဲ့အတွက် အစိုးရရဲ့ အမျိုးသားနိုင်ငံရေး ကြိုးပမ်းဖော်ဆောင်မှုများကို ပြည်သူက သဘောတူ ထောက်ခံအားပေးလျက်ရှိကြောင်း တုံ့ပြန်သက်သေပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ တည်ငြိမ်အေးချမ်းမှုကို လိုလားပါတယ်။ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကို ဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို လုံးဝမလိုလားပါဘူး။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားသလို မိမိတို့တစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လိုလားကြပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမယ့် ဘယ်လိုကိစ္စရပ်မျိုးကိုမှ လက်မခံနိုင်ကြပါဘူး။ နောက်တစ်ချက်ကတော့ ပြည်သူအားလုံးဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး သူတို့လိုလားတောင့်တတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်ချင်တဲ့ဆန္ဒ ကိုယ်စီရှိကြပါတယ်။ ဒါဟာ ယနေ့မြန်မာပြည်သူအများစုရဲ့ သဘောထားဆန္ဒအမှန်ပဲ ဖြစ်ပါတယ်။

ယနေ့ပြည်သူတွေဟာ တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့အစိုးရ၊ နိုင်ငံနဲ့လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးနေတဲ့အစိုးရ၊ ပြည်သူလိုလားတဲ့ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် ဦးဆောင်ချီတက်ပုံဖော်ပေးနေတဲ့ အစိုးရအဖြစ် ယုံကြည်ပြီး အလေးအနက် ထောက်ခံအားပေးနေကြတာပါ။ ဒါကြောင့် တည်ဆဲအစိုးရရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုမှာ အရေးပါတဲ့ အဆင့်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးလုပ်ငန်းစဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင်ထောက်ခံအတည်ပြုပေးခဲ့ကြတာ အထင်အရှားပါပဲ။ ဒါတွေအားလုံးဟာ ပြည်သူ့ဆန္ဒ အစစ်အမှန်ဖြစ်တဲ့အတွက် အားလုံးအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထား လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။

ဒါပေမယ့် ဒီနေ့ ဒီအချိန်အခါမှာ ဒါတွေကိုသိသိကြီးနဲ့ NLD က မသိယောင်၊ မမြင်ယောင်၊ မကြားယောင်ဆောင်ပြီး ဇွတ်အတင်း ကန့်လန့်တိုက်နေတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ခရီးစဉ်အပြီးမှာ ပြည်ပမီဒီယာတွေက အမျိုးမျိုးသုံးသပ်ဝေဖန်လေကန်လို့ကောင်းနေတုန်း၊ အဲဒီပါတီကလည်း တစ်ထောင့်တစ်နေရာက မီဒီယာတာဝန်ကို ကျေပွန်ကြောင်းပြသလိုတဲ့သဘောနဲ့ မစားရဝခမန်း စကားတွေ ပြောလာပါတယ်။ (၁၄-၇-၂၀၀၉)ရက်နေ့ ဘီဘီစီသတင်းတစ်ပုဒ်မှာ NLD ပြောခွင့်ရပုဂ္ဂိုလ်က သူတို့အနေနဲ့ ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေး၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့ တွေ့ဆုံဆွေးနွေးရေးနဲ့ အဲဒီနှစ်ချက်အပေါ်မှာ အစိုးရရဲ့ဆောင်ရွက်ချက်အပေါ်မူတည်ပြီးတော့ ၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲကိစ္စကိုစဉ်းစားမယ်လို့ သဘောထားထုတ်ခဲ့တဲ့အတိုင်း အဲဒီမူကို ဆက်လက်ကိုင်စွဲသွားမယ်လို့ ပြောသွားခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကြီးကို တစ်နည်းနည်းနဲ့ ဖြေရှင်းမပေးဘဲနဲ့ ရှေ့လာမယ့်ရွေးကောက်ပွဲကို ဝင်လို့မဖြစ်နိုင်ပါဘူးလို့လည်း ပြောသွားခဲ့ပါသေးတယ်။

ဆက်လက်ပြီး ၂၀၁၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေ[...]
ကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ပြင်ဆ[...]
အတော်ခရီးပေါက်နေပြီဖြစ်ပါတယ်။ သက်ဆိုင်[...]
သတ်မှတ်ထားတဲ့ ဥပဒေဘောင်အတွင်းကနေ [...]
တာတွေ တွေ့နေရပါတယ်။

ဒါတွေကိုကြည့်ရင် ပြည်သူတစ်ရပ်လုံး[...]
ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်[...]
ဥပဒေနဲ့အညီ ဆက်လက်အကောင်အထည်ဖေ[...]
လမ်းကြောင်းအပေါ် အပြည့်အဝထောက်ခံ ပူးပေ[...]
အထင်အရှားပါပဲ။ တည်ဆဲအစိုးရကလည်း ပြ[...]
အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင်[...]
ဆောင်ရွက်သွားမယ်လို့ အခိုင်အမာပြောခဲ့ပြီးပါ[...]
အပေါ် ဆန့်ကျင်ဘက်အဖွဲ့တွေက နှောင့်နှေး[...]
ထိခိုက်အောင် ကြိုးပမ်းနေတာကို ပြည်သူက [...]
ပြည်သူအားလုံးက အတည်ပြုထားတဲ့ ဖွဲ့စည်းပုံ[...]
ကဖျက်ယဖျက်လူတစ်စုရဲ့ ဆန္ဒနဲ့ ခွဲစိတ်ဖြတ်[...]
ကြိုးပမ်းနေတာကိုလည်း ဘယ်လိုမှ ခွင့်ပြုနိုင်[...]
နားလည်ထားဖို့ လိုပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီ[...]
အတိုင်း မမိုတ်မသုန် ဆက်လက်ချီတက်ကြိုးပမ်[...]
က Mandate ပေးထားပြီးဖြစ်တဲ့အတွက် တစ်[...]

တစ်ဖက်က ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရင်း အခြားတစ်ဖက်ကလည်း ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးကို အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲ အမျိုးမျိုးကြားက မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ အညီ တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းဆောင်ရွက် ပေးနေပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံ ကျင်းပခြင်း၊ အခြေခံဥပဒေမူကြမ်း ရေးသား ပြုစုခြင်း၊ အဲဒီဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြု ခြင်း စသဖြင့် လုပ်ငန်း အဆင့် တိုင်းကို အောင်မြင်စွာဖြတ်သန်း ချီတက်နိုင်ခဲ့ပြီးပါပြီ။

ပြည်သူတစ်ရပ်လုံးအနေနဲ့ သူတို့လို[...] ဒီမိုကရေစီစနစ်ကို အကောင်အထည် ဖော်[...] ရာမှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆက်[...] အကောင်အထည်ဖော်ဆောင်ရွက်သွားမယ[...] ကြောင်းအပေါ် အပြည့်အဝထောက်ခံ ပူ[...] ဆောင်ရွက်နေကြတာ အထင်အရှားပါပဲ။ [...] အစိုးရကလည်း ပြည်သူ့ရဲ့ဆန္ဒ Mandate [...] မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် [...] မနစ် ဆက်လက်ဆောင်ရွက်သွားမယ်လို့[...] အမာ ပြောခဲ့ပြီးပါပြီ။

ပြောရရင် အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အပေါ်မှာ ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ အမျိုးမျိုး ဝေဖန်စွပ်စွဲပုတ်ခတ်ပြီး ပြည်သူ့ဆန္ဒကို အတင်းအဓမ္မငြင်းဆန်ပယ်ချနေခဲ့ကြတာ နှစ်လုံးပေါက်ခဲ့ပါပြီ။ သူတို့အနေနဲ့ ဒီရလဒ်အပေါ်မှာ မျက်စိစုံမှိတ်ပြီး ဖြောင့်ကျကျငြင်းဆန်ရင်း ကျားကျားမီးယပ်လုပ်နေကြပေမယ့် တကယ်တော့ အဲဒီရလဒ်ဟာ ပြည်သူ့ဆန္ဒအစစ်အမှန်ပဲဖြစ်တယ်ဆိုတာ ရင်ထဲက လက်ခံထားကြပြီးဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တချို့ ဆန့်ကျင်ဘက်အင်အားစုများအနေနဲ့ အဲဒီအချက်ကို မသိမသာဖွင့်ဟ ဝန်ခံခဲ့ဖူးတာတွေလည်း ရှိပါတယ်။ တကယ်တော့ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကြောင့်သာ ပြည်သူ့ဆန္ဒအမှန်ကို သိမြင်နားလည်နေပါလျက်နဲ့ အတ္တအကျိုးစီးပွားတိမ်သလ္လာဖုံးပြီး အမျိုးသားရေးကို အတိအလင်း သစ္စာဖောက်နေကြခြင်းဖြစ်ပါတယ်။

တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မူဝါဒလမ်းစဉ် (၇)ရပ် အတိုင်း လျှောက်လှမ်းခြင်းဟာ အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်ဖြစ်သလို နိုင်ငံတည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုတွေကို အခိုင်အမာတည်ဆောက်ရင်း ပြည်သူအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့အတွက် အလျော်ကန်ဆုံး၊ အန္တရာယ်အကင်းဆုံး၊ အသင့်မြတ်ဆုံးလမ်းကြောင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူက ဒီလမ်းကြောင်းအတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ချီတက်လျှောက်လှမ်းနိုင်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

ဘက်အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်[...]
ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် [...]
နှစ်ကျော် Date အောက်နေတဲ့ရလဒ်ကို ဘယ်ပြ[...]
တော့ပါဘူး။ အလားတူ ဆန့်ကျင်ဘက်အဖွဲ့တွေ[...]
နေတဲ့ တွေ့ဆုံဆွေးနွေးရေး (Dialogue) ဆို[...]
မရှိတဲ့အခြေကို ဆိုက်ရောက်သွားရပါပြီ။ အမျိုး[...]
ဆိုခွင့်၊ ဆွေးနွေးခွင့်တွေ အပြည့်အဝပေးခဲ့တုန်း[...]
ပြီး ဖြောင်ကျကျငြင်းဆန်ခဲ့တာ ပြည်သူက [...]

NLD ပြောခွင့်ရပုဂ္ဂိုလ်ပြောတဲ့ ဒေါ်စု[...]
အကျဉ်းသားတွေ လွှတ်မြောက်ရေးဆိုတဲ့ စကား[...]
ဘယ်လိုမှ တရားနည်းလမ်းမကျနိုင်တဲ့ စကား[...]
အပိုင်းက ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး[...]
အကြိမ်ကြိမ် ပြောခဲ့ပြီးပါပြီ။ တစ်ဖက်က [...]
ရည်ညွှန်းနေသူတွေဟာ ဒီမိုကရေစီကို ဖော်[...]
အရေးယူခံရတာမျိုးမဟုတ်ဘဲ နိုင်ငံတော်တည်[...]
ပျက်ပြားအောင် ဆောင်ရွက်လို့၊ အခြားအခြာ[...]
များ ကျူးလွန်လို့ ဥပဒေနဲ့အညီ အရေးယူခံနေ[...]
အလားတူ ဒေါ်အောင်ဆန်းစုကြည်သည်လည်[...]
မဟုတ်ပါဘူး။ တည်ဆဲဥပဒေတစ်ရပ်ကို [...]
သက်ဆိုင်ရာတရားရုံးက တရားစွဲဆိုမှုနဲ့ တရား[...]
တယ်။ ။ ([...]

ဆက်လက်ပြီး ၂၀၁၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အာဘက်ဘက်က ပြင်ဆင်ဆောင်ရွက်နေတာလည်း အတော်ခရီးပေါက်နေပြီဖြစ်ပါတယ်။ သက်ဆိုင်ရာပါတီများအနေနဲ့လည်း သတ်မှတ်ထားတဲ့ ဥပဒေဘောင်အတွင်းကနေ လှုပ်ရှားဆောင်ရွက်နေကြတာတွေ တွေ့နေရပါတယ်။

ဒါတွေကိုကြည့်ရင် ပြည်သူတစ်ရပ်လုံးအနေနဲ့ သူတို့လိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရာမှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် လမ်းကြောင်းအပေါ် အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်နေကြတာ အထင်အရှားပါပဲ။ တည်ဆဲအစိုးရကလည်း ပြည်သူ့ရဲ့ဆန္ဒ Mandate အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမယ်လို့ အခိုင်အမာပြောခဲ့ပြီးပါပြီ။ ဒီလိုဆောင်ရွက်မှုများအပေါ် ဆန့်ကျင်ဘက်အဖွဲ့တွေက နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းနေတာကို ပြည်သူက လက်ခံနိုင်မှာမဟုတ်သလို ပြည်သူအားလုံးက အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခုလိုကဖျက်ယဖျက်လူတစ်စုရဲ့ ဆန္ဒနဲ့ ခွဲစိတ်ဖြတ်တောက် ပြင်ဆင်ဖျက်ဆီးဖို့ ကြိုးပမ်းနေတာကိုလည်း ဘယ်လိုမှ ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။ ဒါကို နားလည်ထားဖို့ လိုပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမိုတ်မသုန် ဆက်လက်ချီတက်ကြိုးပမ်းတည်ဆောက်ဖို့ ပြည်သူက Mandate ပေးထားပြီးဖြစ်တဲ့အတွက် တစ်ဖက်ကလည်း ဆန့်ကျင်

> ...ိုးအနေနဲ့ သူတို့လိုလားတဲ့ ...ကောင်အထည် ဖော်ဆောင် ...ခြခံဥပဒေနဲ့အညီ ဆက်လက် ...ဆောင်ရွက်သွားမယ့် လမ်း ...ည့်အဝထောက်ခံ ပူးပေါင်း ... အထင်အရှားပါပဲ။ တည်ဆဲ ...သူရဲ့ဆန္ဒ Mandate အတိုင်း ... အောင်မြင်အောင် မဆုတ် ...ာင်ရွက်သွားမယ်လို့ အခိုင်

ဘက်အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်ကိုင်ထားတဲ့ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် ပျက်ပြယ်သွားပါပြီ။ ၁၉ နှစ်ကျော် Date အောက်နေတဲ့ရလဒ်ကို ဘယ်ပြည်သူကမှ ပြန်လှည့်မကြည့်တော့ပါဘူး။ အလားတူ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့ တဖွဖွတောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေး (Dialogue) ဆိုတာလည်း လုံးဝအဓိပ္ပာယ်မရှိတဲ့အခြေကို ဆိုက်ရောက်သွားရပါပြီ။ အမျိုးသားညီလာခံမှာ ပြောခွင့်၊ ဆိုခွင့်၊ ဆွေးနွေးခွင့်တွေ အပြည့်အဝပေးခဲ့တုန်းက အမျိုးမျိုးအကြောင်းရှာပြီး ဖြောင်ကျကျငြင်းဆန်ခဲ့တာ ပြည်သူက မမေ့ကြသေးပါဘူး။

NLD ပြောခွင့်ရပုဂ္ဂိုလ်ပြောတဲ့ ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးဆိုတဲ့ စကားဟာလည်း အဓိပ္ပာယ်မဲ့ပြီး ဘယ်လိုမှ တရားနည်းလမ်းမကျနိုင်တဲ့ စကားဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းက ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိပါဘူးလို့ အကြိမ်ကြိမ် ပြောခဲ့ပြီးပါပြီ။ တစ်ဖက်က နိုင်ငံရေးအကျဉ်းသားလို့ ရည်ညွှန်းနေသူတွေဟာ ဒီမိုကရေစီကို ဖော်ဆောင်လို့ နိုင်ငံရေးပြစ်မှုနဲ့ အရေးယူခံရတာမျိုးမဟုတ်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားအောင် ဆောင်ရွက်လို့၊ အခြားအခြားသော ဥပဒေဖောက်ဖျက်မှုများ ကျူးလွန်လို့ ဥပဒေနဲ့အညီ အရေးယူခံနေရသူများသာ ဖြစ်ပါတယ်။ အလားတူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း နိုင်ငံရေးအကျဉ်းသားမဟုတ်ပါဘူး။ တည်ဆဲဥပဒေတစ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လို့ သက်ဆိုင်ရာတရားရုံးက တရားစွဲဆိုမှုနဲ့ တရားရင်ဆိုင်နေရသူသာ ဖြစ်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်အားကစားကွင်း၊ နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း) အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာကွင်းအသီးသီး၌ ယှဉ်ပြိုင်ကစားကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(စ)အုပ်စု

နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (စ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း) အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (စ)အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

(ဆ)အုပ်စု

နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဆ) အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် သမဝါယမဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဇူလိုင် ၂၃ရက် ညနေ ၄နာရီတွင် နေပြည်တော် အားကစားကွင်း၌ (ဆ) အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း၌ (ဇ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ (ဇ)အုပ်စုမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းတို့ အသီးသီးယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုး ဖြတ်တဲ့နည်း** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၆:၅၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဓေကရီ** (အပိုင်း-၂၀)
- ၈:၃၀ IT Talk(IT for Music)
- ၈:၅၅ လက်နှင့်ပြုလုပ်ပြင်ဦးလွင်အုတ်
- ၉:၀၅ Sports World (European Championship BMX)
- ၉:၃၅ သုံးနားညီမျက်ဝန်းများ
- ၉:၅၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
- ၁၀:၂၀ Activities in the City (Sony ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၁၀:၃၅ စက္ကူထုပ်ပိုး ပြည်အကျိုး နိုင်ငံတော်မှာ ဝင်ငွေတိုး
- ၁၁:၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် ကဗျာဘွဲ့မှူး)
- ၁၁:၂၅ သာယာဖွံ့ဖြိုး.... တိုးတက်ဝေစည်....ဧညဝတီ
- ၁၁:၅၀ **တက္ကစီမီတာ သင်လိုရာ** ဇေယျာ၊ရိုတ၊ပန်းအိခိုင် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၂၀ တောင်တန်းပေါ်ကစိန်တလုံး
- ၁၂:၃၅ အထောက်အကူပြုစေရာ ကလေးတို့အတွက် အင်္ဂလိပ်စာ
- ၁:၀၀ **ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုး ဖြတ်တဲ့နည်း** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Music Selection)
- ၃:၃၅ **“တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ”** (ရေပုတ်သင်မွေးမြူရေး)
- ၃:၅၀ ICT for Dental Professionals
- ၄:၀၅ ရန်ကုန်မြင်ကွင်းကျယ် [ဝမ်းဖိုးဖိုက် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား နယူးမော်ဒယ်(လ်)]
- ၄:၂၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် ကဗျာဘွဲ့မှူး)
- ၄:၄၅ မေတ္တာဖျန်း၍ လန်းဆန်းကြစေမယ် ပတ္တမြားမြေဝယ်(အပိုင်း-၁)
- ၅:၁၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၅:၂၅ အနုပညာမိုးကောင်းကင်
- ၅:၄၅ စိုက်ပျိုးဝေဆာ တို့မြေမှာ (ဆေးသကြားပင်)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် [ဝမ်းဖိုးဖိုက် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား နယူးမော်ဒယ်(လ်)]
- ၇:၀၀ Fashion Music Festival (Music Selection)
- ၇:၄၅ လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (ဆန်းကြယ်မှုများနှင့် ဘာမြူဒါ တြိဂံဒေသ)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဓေကရီ** (အပိုင်း-၂၀)
- ၁၀:၀၀ သုံးနားညီ မျက်ဝန်းများ
- ၁၀:၂၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
  1. Abu Dhabi (DESERT CHALLENGE 2009)
  2. BWF WORLD Super Series 2009
- ၁၁:၄၅ **ဆီးချိုသွေးချို ကာကွယ်ပါ** အကယ်ဒမီ ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ)
- ၁၂:၁၅ ICT for Dental Professionals
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် [ဝမ်းဖိုးဖိုက် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနား နယူးမော်ဒယ်(လ်)]
- ၁၂:၄၀ စိုက်ပျိုးဝေဆာတို့မြေမှာ (ဆေးသကြားပင်)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းရှင်များ လှည်းကူးမြို့နယ်တွင် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိက သစ်တောစိုက်ပျိုးခင်းလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၃၀ရက်က လှည်းကူးမြို့နယ် သစ်တောဦးစီးအရာရှိရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်စိုးတို့က လှည်းကူးမြို့နယ် သစ်တောကြိုးဝိုင်းအတွင်း ပုဂ္ဂလိက သစ်တောစိုက်ခင်းစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းနည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။**(အပေါ်ပုံ)**

စိုက်ပျိုးပြီးစီး

လှည်းကူးမြို့နယ်အတွင်း ၂၀၀၈-၂၀၀၉ခုနှစ်တွင် ပုဂ္ဂလိက သစ်တောစိုက်ခင်း ၅၁၈ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ၂၀၀၉-၂၀၁၀ခုနှစ်တွင် လုပ်ငန်းရှင်ခုနစ်ဦးက လျာထားစိုက်ခင်း ၃၇၉ဧကအနက် ဧက ၂၇၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်အရ ဇူလိုင်၅ရက်က မြို့ပေါ်ရှိကျောင်းများတွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကျန်းမာရေးမှူး(၂) ဦးဇော်နိုင်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လို ခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေး ရောဂါသည် ရာသီအလိုက် မကြာခဏဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိ ရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည် ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအား မရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင် ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မေး။ ။ ယခု မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ရောက်ရှိနေပြီလား။

ဖြေ။ ။ မရောက်ရှိသေးပါ။ ၂၀၀၉ခုနှစ် ဇွန်လ ၁၁ရက်နေ့အထိ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်မှု စစ်ဆေးအတည်ပြုချက်အရ ၂၈၇၇၄ဦး ရောဂါဖြစ်ပွားခဲ့ပြီး ၁၄၄ ဦး သေဆုံးခဲ့ပါသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လေဝင်လေထွက်မကောင်းသည့် အိမ်များ၌ နေထိုင်သောရင်သွေးငယ်များ ဦးနှောက်ဉာဏ်ရည်နိမ့်နိုင်

လေဝင်လေထွက်မကောင်းသည့် နေအိမ်များတွင်နေထိုင်သောရင်သွေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ ဉာဏ်ရည်နိမ့်တတ်ကြောင်း၊ ကနေဒါ ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ထို့အတူ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း လေဝင်လေထွက်မကောင်းသော နေအိမ်အဆောက်အအုံများ၌ နေထိုင်ပါက သန့်ရှင်းသောလေ မရရှိသဖြင့် သန္ဓေသား၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေသည်ဟု ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွားနိုင်

ထိုသို့ သန့်ရှင်းလတ်ဆတ်သောလေကို ပြည့်ဝစွာ မရရှိပါက ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် ကိုယ်အလေးချိန် မပြည့်သော ရင်သွေးငယ်များ မွေးဖွားခြင်း၊ ဦးခေါင်းအရွယ်အစားသေးငယ်သောကလေးများ မွေးဖွားခြင်းတို့ ဖြစ်ပွားနိုင်သည်ဟုဆို၏။

ဖွံ့ဖြိုးမှုအားနည်း

တစ်ဖန် မွေးဖွားပြီးစ ရင်သွေးငယ်များအား သုံးနှစ်အရွယ်အထိ သန့်ရှင်းသော လေမရနိုင်သောနေရာများနှင့် နေအိမ်များတွင် နေထိုင်ပါက ဉာဏ်ရည်ဖွံ့ဖြိုးမှု လျော့နည်းစေကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက သတိပေးထားသည်။ ။

* ရှေ့ဖုံးမှ

"ကျွန်တော်တို့ ဇယန်းကြီး ကျေးရွာဟာ လက်ဖက်စိုထုတ်လုပ်မှု အခြေခံကောင်းများကြောင့် လူသိများကြပါတယ်။ အခုဆိုရင် ဇယန်းကြီးရွာနဲ့ နမ့်ဆန်မြို့ဟာ တစ်ဆက်တည်း ရှိနေပါပြီ။ အိမ်ခြေ ၁၂၀၀၊ လူဦးရေ ၅၀၀၀ခန့် နေထိုင်ပါတယ်။ ဒီဇယန်းကြီးရွာ အပါအဝင် နမ့်ဆန်မြို့မှာ လက်ဖက်အစိုအလုပ်ရုံ ၂၇ရုံ ရှိပါတယ်"ဟု နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က ရှင်းပြသည်။

"ဇယန်းလက်ဖက်ကို မြေတွင်းတွေနဲ့ သိပ်ပေးထားကြောင့် လက်ဖက်အရည်အသွေး ပိုကောင်းစေပါတယ်"

ဦးအောင်ကြီး(လက်ဖက်လုပ်ငန်းရှင်)။

နူးညံ့ပျော့ပျောင်း

"ဇယန်းလက်ဖက်ကို ဇယန်းကြီးရွာမှ ဗဟိုပြုပြီး ဇယန်းကြီး၊ ဇယန်းမြောက်ရွာ၊ ဟိုချောင်း၊ ပန်စေမိန်း၊ ကယားလမ်း၊ မန်မိုင်၊ မန်စိုက်၊ ကျောက်ဖြူကျေးရွာတွေက ထွက်ရှိပါတယ်။ ဒီရွာတွေရဲ့ လက်ဖက်စိုက်ပျိုး မြေဟာ သဘာဝအလျောက် အဝါရောင်သန်းနေပါတယ်။ ဒါကြောင့် ထွက်ရှိလာတဲ့ လက်ဖက်ညွန့်တွေဟာလည်း နူးညံ့ပျော့ပျောင်းပြီး စားလို့ သိပ်ကောင်းပါတယ်"ဟု ဦးသန်းလွင်က ဆက်လက်ရှင်းပြသည်။

လက်ဖက်စက်ရုံ

သတင်းအဖွဲ့သည် နမ့်ဆန်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ဇယန်းကြီး ကျေးရွာရှိ ဦးအောင်ကြီး၏ လက်ဖက်စက်ရုံသို့ ဝင်ရောက် လေ့လာခဲ့ပါသည်။

ရောင်းချ

ဇယန်းလက်ဖက်ထွက်ရှိရာ ဇယန်းကြီး ကျေးရွာအနီးမှာ ဇယန်းလက်ဖက်စိုက်ပျိုးတဲ့ စိုက်ပျိုးမြေဧက ၄၈၀၀ ရှိပါတယ်။ လက်ဖက်ကို အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေက လက်ဖက်စိုလာရောက်ရောင်းချကြပါတယ်။ ကျွန်တော့်စက်ရုံအတွင်းမှာ အနက် ၁၁ ပေ၊ အကျယ် ငါးပေရှိတဲ့ မြေသားလက်ဖက်တွင်း ရှစ်တွင်းရှိပါတယ်။ လက်ဖက်တွင်းတွေကို ဘေးနှင့်ပတ်ပတ်လည်က ငှက်ပျောရွက်တွေနဲ့ ဘေးက ကာပေးထားပါတယ်။ လက်ဖက်တွင်းတစ်တွင်းကို ပိဿာချိန် ၃၀၀၀အထိ ဆံ့ပါတယ်။ မေလဆန်းပိုင်းမှာ လက်ဖက်စထည့်ပါတယ်။ ဒီဇင်ဘာလ နောက်ပိုင်းလက်ဖက်စို ရှားသွားတဲ့အချိန်မှာ ထုတ်ရောင်းကြပါတယ်"ဟု ဦးအောင်ကြီးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဝယ်ယူ

လက်ဖက်စိုထုတ်လုပ်ရေး စက်ရုံများအနေဖြင့် စက်ရုံအတွင်း ကိုယ်တိုင်လက်ဖက်များ လက်ဖက်တွင်း သိပ်သကဲ့သို့ စက်ရုံသို့ ဒေသခံလက်ဖက်စို ထုတ်လုပ်သူများက လာရောက်ရောင်းချခြင်းကိုလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဈေးကွက်

ယင်းလက်ဖက်စိုများကို စက်ဖြင့် အမျိုးအစားခွဲခြားသန့်စင်ပြီး ပီနံအိတ်များအတွင်း သွတ်သွင်း ထုပ်ပိုးကာ ရန်ကုန်နှင့်မန္တလေး လက်ဖက်ဈေးကွက်ကြီးများသို့ တင်ပို့ရောင်းချလေ့ရှိသည်။

လက်ဖက်ပျော့သွားနိုင်

လက်ဖက်စိုများ ပီနံအိတ်များအတွင်း ထည့်သွင်းရာတွင် လေမခိုစေရန် သစ်သား ကျည်ပွေ့ကြီးများဖြင့် အပေါ်မှ ထောင်းထည့်ကာ လက်ဖက်ထည့်ကြရသည်။ လေခိုသွားလျှင် မှိုတက်ပြီး လက်ဖက်ပျော့သွားနိုင်ကြောင်း သိရသည်။ လက်ဖက်အိတ် တစ်အိတ်လျှင် လက်ဖက်စို ၅၆ ပိဿာ ထည့်နိုင်သည်ဟု ဆိုသည်။



လက်ဖက်ကောင်းရရှိစေရန် လက်ဖက်တွင်းများအပေါ်မှ ကျောက်တုံးများဖြင့် ဖိထားသည်ကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

လူမှုစီးပွား

လက်ဖက်စို လက်ဖက်ကောင်း ထွက်ရှိရာ ဇယန်းကြီး ကျေးရွာမှာ လက်ဖက်ကို အကြောင်းပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်။

လက်ဖက်စို လက်ဖက်ကောင်း ထွက်ရှိရာ ဇယန်းကြီး ကျေးရွာမှာ လက်ဖက်ကို အကြောင်းပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်။ နေအိမ်များမှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး အိမ်ကြီးများဖြစ်သည်။ ဇယန်းကြီးကျေးရွာသည် နမ့်ဆန်မြို့ မြို့ရေပေးဝေရေးစီမံကိန်းမှ သောက်ရေ၊ သုံးရေ ရရှိနေသည်။ ဇယန်းကြီး ကျေးရွာသည် ဒေသ၏ အဓိက ထုတ်ကုန်ဖြစ်သည့် ဇယန်းလက်ဖက်ကြောင့် အခြေခံစီးပွားရေး တိုးတက် ကောင်းမွန်လာကာ တောရွာအဆင့်မှ မြို့အဆင့်သို့ တက်လှမ်းလာနေပြီ။

ဇယန်းကြီးကျေးရွာရှိ ဦးအောင်ကြီး၏ လက်ဖက်ထုတ်လုပ်ရေး အလုပ်ရုံအတွင်း ဇယန်းလက်ဖက်များ သန့်စင်ထုပ်ပိုးနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နေအိမ်များမှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအိမ်ကြီးများဖြစ်သည်။ ဇယန်းကြီး ကျေးရွာသည် နမ့်ဆန်မြို့ မြို့ရေပေးဝေရေးစီမံကိန်းမှ သောက်ရေ၊ သုံးရေ ရရှိနေသည်။

မြို့အဆင့်တက်လှမ်း

ဇယန်းကြီးကျေးရွာသည် ဒေသ၏ အဓိကထုတ်ကုန်ဖြစ်သည့် ဇယန်းလက်ဖက်ကြောင့် အခြေခံစီးပွားရေး တိုးတက်ကောင်းမွန်လာကာ တောရွာအဆင့်မှ မြို့အဆင့်သို့ တက်လှမ်းလာနေပြီ ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဇယန်းကြီးကျေးရွာရှိ ဦးအောင်ကြီး၏ လက်ဖက်စို ထုတ်လုပ်ရေး မြင်ကွင်းကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

စာငှားစနစ်ထိရောက်စွာကျင့်သုံးရေး ကမာရွတ်မြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၂

ကမာရွတ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးဦးဆောင်သောအဖွဲ့ ဇူလိုင် ၁၆ ရက်က အမှတ်(၁၀)ရပ်ကွက် ပညာရွှေအိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာအုပ်ထိန်းသိမ်းထားရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပွဲ တမူး၌ ကျင်းပ

တမူး ဇူလိုင် ၂၂

တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ခရိုင်သစ်တောဦးစီးဌာနက ၂၀၀၉ခုနှစ် ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပွဲကို တမူးမြို့ စော်ဘွားရပ်ကွက် မော်ကူးတံတားအနီး၌ ဇူလိုင်၁၁ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ပါဝင်ဆောင်ရွက်

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဦးဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆင့်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်အဖွဲ့ဝင်များ၊ အင်ဒိုင်းကျေးရွာ အုပ်စုရပ်ကွက်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အထက ကျောင်းအုပ်ဆရာကြီး ဦးဗျတ်မုန်းနှင့် ဆရာ ဆရာမများ အင်အား ၇၅၀ ခန့် ပါဝင်ဆောင်ရွက်ကြသည်။

စုပေါင်းစိုက်ပျိုး

၂၀၀၉ ခုနှစ် ဒုတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်းပင် ၄၀၀နှင့် ယူကလစ်ပင် ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးဆက်လက်လျော့နည်းမည်

ရန်ကုန် ဇူလိုင် ၂၂

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

<u>မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ</u> ထားဝယ်မြို့တွင် ၆ ဒသမ ၄၂ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၂၆ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၁၅လက်မနှင့် အောင်လံမြို့တွင် ၀ ဒသမ ၂၈လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

<u>ဇူလိုင် ၂၃ ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းမည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အေးသာယာဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၂

တောင်ကြီးမြို့နယ် အေးသာယာဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် တိုင်းမှူးသည် ညောင်ရွှေမြို့နယ် ပေါ်ရိသကျေးရွာ တောင်သူ ဦးကျော်နီ၏လယ်ကွင်း၌ ကျင်းပသည့် မိုးစပါးစုပေါင်း စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၅ရက်က မင်းကွက်(၃) ရပ်ကွက် ရွှေတည်(၁) ဈေးကွက်အတွင်း၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများက ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ ကံ့ကော်၊ ခရေ စုစုပေါင်းအပင် ၇၀၀တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ဝ၅၇)

ဝိုင်းမော်မြို့နယ်စည်ပင် သန့်ရှင်းရေးဆောင်ရွက်

ဝိုင်းမော် ဇူလိုင် ၂၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နယ်မြေခံတပ်ရင်းရှိစာသင်ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

အထိမ်းအမှတ်အခမ်းအနား တကောင်းမြို့၌ ကျင်းပ

တကောင်း ဇူလိုင် ၂၂

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တကောင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး တကောင်းမြို့ ရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ်အောင်မြင်က မူးယစ်ဆေးဝါး အကြောင်းသိကောင်းစရာများနှင့် ဥပဒေ ရေးရာအကြောင်းများကို လည်းကောင်း၊ တကောင်းမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစံကြည်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် လူငယ်လူရွယ်များအတွက်အန္တရာယ်ကြီးမားပုံအကြောင်းတို့ကို လည်းကောင်း အသီးသီးဟောပြောခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသောကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်အောင်မြင်၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစံကြည်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန မြို့တာဝန်ခံ ဦးငွေလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်တို့က အသီးသီး ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၂၅ရက်က သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရပ်ကွက်(၄) တပ်အရှေ့လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်ပိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပလောင်မိသားစုများ စုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ပလောင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ ဦးစီးကျင်းပသော ရန်ကုန်ရောက် ပလောင်မိသားစုများ၊ နမ့်ဆန်သူ နမ့်ဆန်သားများ၏ (၁၀)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၆ရက်က စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဇောဓိနမ့်ဆန်ကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားတွင် စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ ဦးမောင်ဆာက အမှာစကားပြောကြားပြီး ကော်မတီဝင် ဦးအောင်ဇော်လေးက လှူဒါန်းပွဲနှင့် ဂုဏ်ပြုပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဥက္ကဋ္ဌဦးမောင်ဆာနှင့် NELC (English Language Centre)မှဦးထွန်းမြင့်တို့က ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်တန်းအောင်မြင်သော တအာင်း(ပလောင်) ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

(ပညာရေး)

မြစ်ကြီးနားမြို့ သာယာလှပရေး မြေယာရှုခင်းပြုပြင်

မြစ်ကြီးနား ဇူလိုင် ၂၂

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်း ပန်းပေါင်းအမှတ် ၁မှ ၈၃အထိ မြေယာရှုခင်းပြုပြင်ခြင်းနှင့် ပျိုးပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းကို ဇူလိုင်၁ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးနိုင်ဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာဦးမျိုးအေးလွင်တို့က လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ ***(မြို့နယ်စည်ပင်)***

တွံတေးမြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်

တွံတေး ဇူလိုင် ၂၂

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ရွှေဆံတော်ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ရွှေဆံတော်ရပ်ကွက် ကျောင်းသစ်ကျောင်းလမ်း၊ လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ရေမြောင်းများဆယ်ယူခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဇူလိုင် ၁၁ရက်က ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာ၊ အမှုဆောင်အရာရှိ ဦးမြလင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဆန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ဇွန် ၅ရက်က ပုလောမြို့နယ် ရှပ်ပုံကျေးရွာ တမျှားရပ်ကွက်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် ခြင်ဆေးဖျန်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးပညာရေးကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ဘိုကလေး ပညာရေး ကောလိပ်၏ အာစရိယပူဇော်ပွဲကို ကမ္ဘာ့ဆရာများနေ့ (အောက်တိုဘာ၅ရက်)တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံကြမည့် အသက်၆၀ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ပူဇော်ကြမည့်တပည့်များ ပူဇော်ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြရန် နိုးဆော်ထားသည်။ ပတ္တမြားရတုအကြို ဘိုကလေးပညာရေးကောလိပ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ စာမူများပေးပို့ကြပါရန်နှင့် ဆက်သွယ် လှူဒါန်းလိုပါက ပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီ ဖုန်း-၀၄၅-၄၅၁၀၄၊ ၀၄၅-၄၇၄၁၇၊ ၀၉-၈၅-၉၅၁၈၇၊ ၀၉-၈၆-၁၅၂၆၂ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မကွေး မြို့နယ်စည်ပင်သာယာရေး အဖွဲ့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင်၄ရက်က ပြည်တော်သာလမ်း လူမှုဝန်ထမ်း ဦးစီးဌာန မိဘမဲ့ကလေးထိန်းမှုကြိုကျောင်းတွင် လူမှုရေးအသင်းဝင်များ ခြင်ဆေးဖျန်း ဆောင်ရွက်နေခြင်းကို ကျန်းမာရေးမှူး ဦးဘိုလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အောက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)၏ နှစ်ထပ်စာသင်ဆောင် အဆောက်အအုံကို ဆောက်လုပ်နိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်မှ အကူအညီရယူနိုင်သည်။

၄။ တင်ဒါပုံစံများကို ၂၃-၇-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၂၃-၈-၂၀၀၉ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၄၉၄၈
B.Q စစ်ဆေးရေးအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်(၂၁)နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉။

လူ့တုပ်ကွေးရောဂါ စောင့်ကြည့်ထိန်းချုပ်ရေးစခန်း တာချီလိတ်၌ ဖွင့်လှစ်ဆောင်ရွက်

တာချီလိတ် ဇူလိုင် ၂၂

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ အဖွဲ့ဝင်များက ကမ္ဘာ့လူတုပ်ကွေးရောဂါ စောင့်ကြည့်ထိန်းချုပ်ရေးစခန်း ဖွင့်လှစ်၍ ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့ ဇူလိုင် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

(၀၁၆)

ကန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် (၁၈၄/ဘီ)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Shwe Ayer Nadi Limited. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

ALL CLEAN ALL CLEAR Euro Cake
CLEAR CARE
UK maid BLUE milk

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို အသုံးပြု၍ Shwe Ayer Nadi Limited. သည် အရည်အသွေးမီ-

(က) Sauce အမျိုးမျိုး၊ မဆလာအမျိုးမျိုး၊ ငရုတ်သီးမှုန့်၊ အသားမှုန့်နှင့် ဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုး။
(ခ) Coffeemix၊ Teamix၊ Cereal (ကွေကာ)၊ အချိုရည်အမျိုးမျိုး၊ သောက်ရေသန့်နှင့် အသင့် (Instant/ Ready) သုံးဆောင်နိုင်သော စားသောက်ကုန်အမျိုးမျိုး၊ အာဟာရ၊ အားဖြည့်အမှုန့်နှင့် အရည်အမျိုးမျိုး (malt) မုယောစပါးနှင့် ဂျုံမှထုတ်လုပ်သော စားသောက်ကုန်အမျိုးမျိုး။
(ဂ) နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး။
(ဃ) ကိတ်မုန့်၊ ပေါင်မုန့်၊ ဘီစကွတ်၊ ကွတ်ကီး၊ ချောကလက်နှင့် မုန့်အမျိုးမျိုး။
(င) လယ်ယာထွက်ကုန်ပစ္စည်းများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့်
(စ) တိရစ္ဆာန်တို့၏ အသွေးအသားအဆီတို့ဖြင့် ပြုလုပ်ထားသော စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အစိတ်အပိုင်းကို ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ် ၁၇၆ (ပထမထပ်)၊ မိဘာရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၉၇၂၃၄၊ ၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆။

❐ *ကျောဖုံးမှ*

ကြာမြင့်

ယခုနေကြတ်ခြင်းသည် စုစုပေါင်း ၆ မိနစ် ၃၉စက္ကန့်ကြာမြင့်ခဲ့ရာ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူလ်တန်၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ပြည်သူများလည်း မြင်တွေ့ခဲ့ကြသည်။ သို့သော် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ မြို့အချို့၌မူ မိုးတိမ်များဖြစ်ထွန်းနေသဖြင့် နေကြတ်မှုကို မမြင်တွေ့ခဲ့ကြရချေ။

မြင်တွေ့

ထို့အတူ တရုတ်နိုင်ငံတောင်ပိုင်း ဒေသအချို့တွင်လည်း မိုးများရွာသွန်းနေသဖြင့် ဒေသခံပြည်သူအများအပြား နေကြတ်ခြင်းကို မမြင်တွေ့ရကြောင်း သိရသည်။ သို့ရာတွင် အချို့ဒေသများ၌ နေကြတ်မှုကို ခြောက်မိနစ်ကျော်ကြာ အပြည့်အဝ မမြင်တွေ့ရသော်လည်း သုံးမိနစ်ခန့် မြင်တွေ့ရကြောင်း သိရသည်။

ကျယ်ဝန်း

ယခုနေကြတ်မှုကို မြင်တွေ့ရသည့် ဧရိယာအကျယ်အဝန်းမှာ ၇၇၅၆မိုင်ခန့် ရှိသည်။ အိန္ဒိယမှ အာကာသသိပ္ပံပညာရှင်အချို့ကမူ နေကြတ်မှု အနေအထားကို အကောင်းဆုံး လေ့လာသုတေသနပြုနိုင်ရန် အထူးလေယာဉ်ဖြင့် မောင်းနှင်ပျံသန်းကာ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရိုက်ယူခဲ့ကြသည်။

ကြည့်ရှုခဲ့

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသွားများအနက် တောင်ပိုင်းဒေသများ၌ အချို့ကမ္ဘာလှည့်ခရီးသွားများမှာ နေကြတ်ခြင်းကို ရာသီဥတုကြောင့် အပြည့်အဝ မမြင်တွေ့ရဘဲ သုံးမိနစ်ခန့်သာ မြင်တွေ့ကြည့်ခဲ့ကြရသည်။

ထပ်မံနေကြတ်မည်

နောက်ထပ်နေကြတ်မှုမှာ လာမည့် ၂၀၁၀ပြည့်နှစ် ဇူလိုင်၁၁ရက်၌ ထပ်မံနေကြတ်မည်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းမှ အာဂျင်တီးနားနိုင်ငံအထိ မြင်တွေ့ရမည်ဖြစ်သည်။ အဆိုပါ နေကြတ်မှု ဖြစ်ပေါ်ပြီးပါက ၂၁၃၂ခုနှစ်အထိ နေကြတ်မှုဖြစ်ပေါ်တော့မည်မဟုတ်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

✻ *ကျောဖုံးမှ*

လူတန်းစားမရွေး၊ အချိန်မရွေး ဖြစ်ပွားတတ်သော ယင်းကပ်ရောဂါကို နိုင်ငံတိုင်းလိုလို ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအသီးသီးတွင် ဖြစ်ပွားနေသော အခြေအနေအရ ယင်းတို့နှင့် သင့်လျော်သည့် မည်သည့်စီမံချက်များ စီမံဆောင်ရွက်ရမည်ကို ကမ္ဘာ့နိုင်ငံများ အနေဖြင့် စဉ်းစားဆောင်ရွက်ရန် အမှန်တကယ် အရေးကြီးလိုအပ်လာပြီဖြစ်ကြောင်း ဒဗလျူအိတ်ချ်အို ပြောရေးဆိုခွင့်ရှိသူ မစ္စစ်အယ်လ်ဖာလပ်ခ် ဘာတီယာဆီဗီက ပြောကြားသည်။

မြေကြီးလက်ခတ်မလွဲ

A(H1N1) တုပ်ကွေးရောဂါသည် မကြုံစဖူးသောနှုန်းဖြင့် ကမ္ဘာနှင့်အဝန်း ကူးစက်ဖြစ်ပွားနေကြောင်း၊ ယင်းရောဂါ ဖြစ်ပွားနေသော နိုင်ငံများတွင် ထပ်မံဖြစ်ပွားနိုင်သည့်အပြင် မဖြစ်ပွားသေးသော နိုင်ငံများသို့ ကူးစက်ဖြစ်ပွားမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ကြောင်း လွန်ခဲ့သည့် သီတင်းပတ်က ဒဗလျူအိတ်ချ်အိုက သတင်းထုတ်ပြန်သည်။

ယနေ့အထိ ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသပေါင်း ၁၃၀ကျော်တွင် A(H1N1) တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့အနက် နိုင်ငံနှင့် ဒေသအများစုတွင် မိသားစုအသိုင်းအဝိုင်းတွင်း ကူးစက်ပြန့်ပွားမှုကို ထိန်းထားနိုင်ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

Premier Coffee Co., Ltd. မှ Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကို ဇူလိုင်၂၃ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အကဲဖြတ်ဒိုင်များအဖြစ် တေးသံရှင် ဂျေညီညီ၊ Melody World မှ ခိုင်ရွှေဝါနှင့် ကိုကိုမောင်တို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့်အဖွဲ့၊ အဆိုတော် Lလွန်းဝါ၊ Jenny တို့က Performance Show နှင့် သီဆိုဖျော်ဖြေမှုများဖြင့် တင်ဆက်မည်ဖြစ်သည်။

ပြန်လည်ရွေးချယ်

မန္တလေးမြို့မှ ပါဝင်ယှဉ်ပြိုင်မည့် ဝါသနာရှင်များ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် မြို့မိမြို့ဖများ၊ Premier Coffee နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့မှ ကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြရန် ဖိတ်ကြားထားသည်။ ယင်းမြို့ကြီးများမှ ပထမဆုရရှိခဲ့ကြသူများအား ရန်ကုန်မြို့ Capital Hypermarket ၌ မြန်မာတစ်နိုင်ငံလုံး ဆန်ခါတင်၍ ပထမ၊ ဒုတိယ၊ တတိယဆု ပြန်လည်ရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်စည်ပင် မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်း

သန်လျင် ဇူလိုင် ၂၂

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဈေးသန့်ရှင်းမှုရှိစေရေးအတွက် ဒု-ဦးစီးမှူး (ဈေး) ဦးရဲလွင်၊ကျန်းမာရေးမှူး(၂)ဦးကြည်ဝင်း၊ ဒု-ဦးစီးမှူး (သန့်)ဦးခင်ဦး၊ဒု-ဦးစီးမှူး (စည်းကမ်း) ဦးမျိုးကြည်နှင့် အဖွဲ့ဝန်ထမ်းများ၊ဈေးမိဈေးဖ ဥက္ကဋ္ဌ ဦးငွေအောင် ဦးဆောင်သောဈေးသား ဈေးသူများ စုပေါင်း၍ ဈေးပိတ်ရက်ဖြစ်သော ဇူလိုင်၂၁ရက်က မြို့မဈေးကြီးအတွင်း ရေမြောင်းများရှင်းလင်းခြင်း၊ ခြင်နှင့်ယင် ခိုအောင်းနိုင်မည့် နေရာများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။**(အပေါ်ပုံ)(သန်လျင်စည်ပင်)**

မှတ်သားဖွယ်ရာ မိုးရေချိန်

ရန်ကုန် ဇူလိုင် ၂၂

ထားဝယ်	၆ ဒသမ ၄၂ လက်မ
သထုံ	၃ ဒသမ ၂၆ လက်မ
စစ်တွေ	၃ ဒသမ ၁၉ လက်မ
ပလက်ဝ	၃ ဒသမ ၁၅ လက်မ
အောင်လံ	၀ ဒသမ ၂၈ လက်မ

ရေကြည်မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ရှိ ကျောင်းများ၊ ဈေးများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးငွေနိုင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

23-7 (12).pmd 1 7/23/2009, 3:26 AM

ဒီဇိုင်းပုံစံထူးခြားသောအဆောက်အအုံများ ဒီဇိုင်းပုံစံထူးခြားသောအဆောက်အအုံများ ဒီဇိုင်းပုံစံထူးခြားသောအဆောက်အအုံများ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း၌ ဒီဇိုင်းပုံစံအထူးခြားဆုံးအဆောက်အအုံများကို တည်ဆောက်ထားရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုအရှိဆုံး အဆောက်အအုံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ဗီယက်နမ် ဟန်နှာမြို့ တိရစ္ဆာန်ရုပ်တုပြတိုက်

ဗီယက်နမ်နိုင်ငံ ဟန်နှာမြို့၌ တည်ဆောက်ထားသည်။ တိရစ္ဆာန်ရုပ်တုများကို မျက်နှာပိုင်း၊ ဦးခေါင်းပိုင်းနှင့် ကိုယ်ထည်ပိုင်းများ ခွဲခြားကာ ပြတိုက်သဖွယ်ပြုလုပ်ထားခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ရုရှားနိုင်ငံ မော်စကိုမြို့မှ ဗိသုကာပညာရှင်များ၏ ဒီဇိုင်းပုံစံများကို အချိန်ယူလေ့လာခဲ့ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပြတိုက်တစ်ခုကဲ့သို့ တည်ဆောက်ထားပြီး အဆောက်အအုံ၏ပြတင်းပေါက်များ၌ တံခါးပေါက်ပါဝင်ခြင်းမရှိသည့် အဆောက်အအုံလည်းဖြစ်သည်။ **(အင်တာနက်)**



ကုဗတုံးများပုံစံ အဆောက်အအုံ

နယ်သာလန်နိုင်ငံ ဟယ်လ်မွန်မြို့၌ တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်၌ တည်ဆောက်ခဲ့ပြီး ကုဗတုံးများ စုပုံထားသော ဒီဇိုင်းပုံစံ ဖြစ်သည်။ (ယာပုံ)

နေအိမ်အဆောက်အအုံဖြစ်ပြီး အခန်းတစ်ခန်းလျှင် ကုဗတုံးတစ်တုံးပုံစံပြုလုပ်ထားရာ ထူးခြားသဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာရာ နေရာတစ်ခုလည်းဖြစ်သည်။ ဗိသုကာပညာရှင် ပက်ဘီလွန်းက သစ်တောအတွင်းမှ ကောက်ကွေးနေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရှိပြီးနောက် ယင်းပုံစံအတိုင်း နေအိမ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



အိုဟိုင်းယိုးမှ ခြင်းတောင်းပုံစံအဆောက်အအုံ

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် နေဝပ်ခ်မြို့တွင် တည်ဆောက်ထားသည်။ ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံအထူးခြားဆုံး အဆောက်အအုံလည်းဖြစ်သည်။ **(အပေါ်ပုံ)**

ကျယ်ဝန်း

အဆိုပါအဆောက်အအုံမှာ ဈေးခြင်းတောင်းတစ်လုံး၏ ပုံစံကို ဒီဇိုင်းဆွဲကာ ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားပြီး အဆောက်အအုံ အကျယ်အဝန်းမှာ စတုရန်းပေ ၁၈၀၀၀၀ ရှိသည်။ တည်ဆောက်မှုကာလ နှစ်နှစ်ကြာမြင့်ခဲ့ပြီး ကုန်ကျငွေမှာ အမေရိကန် ဒေါ်လာသန်း ၃၀ ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်

တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ဓာတ်ပုံကူးစက်ကို ဘယ်သူတီထွင်ခဲ့သလဲ

ရှေးကမ္ဘာဦးတည်စက လူများသည် မိမိနှစ်သက်သော လူများ၊ အရာဝတ္ထုများ၏ ပုံများကို ဂူနံရံတွင်လည်းကောင်း၊ အုတ်ချပ်၊ ကျောက်ချပ်များတွင်လည်းကောင်း ရေးဆွဲမှတ်သားကြသည်။ မြန်မာဘုရင်များ လက်ထက်တွင်လည်း ဂူနံရံများ၊ ဘုရားများ၊ ကျောင်းများတွင် ချိုးပန်း၊ ချိုးနွယ်၊ ကနုတ်ပန်းများစသဖြင့် ပုံအမျိုးမျိုးကို ရေးဆွဲမှတ်တမ်းတင်ခဲ့ကြသည်။

တီထွင်နိုင်ခဲ့

ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှုကြောင့် မိမိမှတ်တမ်းတင်လိုသည့် ပုံများကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ရန်အတွက် ကင်မရာကို တီထွင်ခဲ့သဖြင့် မိမိတို့နှစ်သက်ရာကို ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့သည်။ သို့သော်လည်း ယင်းဓာတ်ပုံတစ်ပုံတည်းကို လိုချင်သလောက် ပုံပွားယူနိုင်ရေးတွင် အခက်အခဲတွေ့ခဲ့ကြရသည်။ နောက်ပိုင်းတွင် ဓာတ်ပုံတစ်ပုံတည်းကိုပင် ပုံတူပေါင်းများစွာ ကူးယူနိုင်သည့် ဓာတ်ပုံကူးစက်ကို တီထွင်နိုင်ခဲ့သည်။ ဓာတ်ပုံကူးစက်ကို မည်သူတီထွင်ခဲ့သနည်း။ လူအနည်းငယ်သာ ဤမေးခွန်းကို ဖြေနိုင်ပေလိမ့်မည်။

ဓာတ်ပုံကူးစက်ကိုတီထွင်ခဲ့သူမှာ အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ဆီးတဲလ်မြို့တွင် ချူချာလွန်းသော မိဘနှစ်ပါးမှ ၁၉၀၆ ခုနှစ်တွင်မွေးဖွားခဲ့သူ ချက်စတာဖလ္လိုက်ကာလ်ဆန် **(အပေါ်ပုံ)**ဆိုသူဖြစ်သည်။ ဖလ္လိုက်သည် ၁၄နှစ်သားအရွယ်တွင် အဆစ်ရောင်ရောဂါခံစားနေရသော ဖခင်နှင့် တီဘီရောဂါခံစားနေရသော မိခင်တို့ကို အလုပ်လုပ်ကိုင်ကူညီထောက်ပံ့ခဲ့ရသည်။ နံနက်ခင်းတိုင်း စောစောထ၍ကျောင်းမသွားမီ ပြတင်းပေါက်များကိုဆေးကြောရသည်။ ညနေပိုင်းတွင် ကျောင်း၊ရုံးများ၌ တံမြက်စည်းလှဲကျင်းသည့် အလုပ်ကို လုပ်ကိုင်ရသည်။ ၎င်း၏ ကျောင်းသားဘဝတစ်လျှောက်လုံး ဓာတုဗေဒမဂ္ဂဇင်းထုတ်ဝေရာတွင် ပါဝင်ကူညီခဲ့သည်။

အထောက်အကူမပြုနိုင်

ဖလ္လိုက်သည် မိဘများ၏ကျန်းမာရေးနှင့် လိုက်လျောညီထွေသော နေရာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်၊ ဝါရှင်တန်ပြည်နယ်တို့သာမက မက္ကဆီကိုနိုင်ငံတွင်ပင် နေထိုင်ခဲ့ဖူးသည်။ သို့သော်လည်း ကံမကောင်းစွာပင် ယင်းသို့ ရွှေ့ပြောင်းနေထိုင်မှုက မိဘများ၏ကျန်းမာရေးကို အထောက်အကူမပြုနိုင်ခဲ့ချေ။ ဖလ္လိုက် ၁၇နှစ်အရွယ်တွင် တီဘီရောဂါဖြင့် မိခင်ကွယ်လွန်ခဲ့ပြီး အသက် ၂၄နှစ်အရွယ်၌ ဖခင်ကွယ်လွန်ခဲ့သည်။

ဖလ္လိုက်သည် မိဘများကွယ်လွန်ပြီးနောက် ကယ်လီဖိုးနီးယားပြည်နယ် ရေးဘားဆိုက်မြို့ရှိ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့ပြီး ရူပဗေဒဘွဲ့ရရှိခဲ့သည်။ ဖလ္လိုက်သည် ၎င်း၏ ပညာရေးစွန့်စားခန်းကြောင့် ဂုဏ်သတင်း ကျော်စောခဲ့သော်လည်း ယင်းတက္ကသိုလ်တွင် ဒေါ်လာ ၁၄၀၀ ကြွေးတင်ခဲ့သည်။ ကြွေးများကို ဆပ်နိုင်ရန်အတွက် ဖလ္လိုက်သည် ကုမ္ပဏီပေါင်း ၈၂ခုသို့လျှောက်လွှာတင်ခဲ့သော်လည်း အလုပ်မရရှိခဲ့ချေ။

အလုပ်ဖြုတ်

နောက်ဆုံးတွင် ဖလ္လိုက်သည်ဘဲလ်ဓာတ်ခွဲခန်း၌ သုတေသနအင်ဂျင်နီယာအဖြစ် အလုပ်ရရှိခဲ့ပြီး တစ်ပတ်လျှင် ၃၅ဒေါ်လာရရှိခဲ့သည်။ ယင်းအလုပ်တွင် ဖလ္လိုက်ကြာရှည်စွာ မလုပ်ခဲ့ရချေ။ အကြောင်းမှာ စိတ်အားငယ်တတ်သူ ဖလ္လိုက်အား အလုပ်ရှင်က မကြာမီ အလုပ်ဖြုတ်ပစ်လိုက်သောကြောင့်ဖြစ်သည်။ ၎င်းသည် နယူးယောက် အီလက်ထရွန်နစ်ကုမ္ပဏီဖြစ်သည့် ပီအာရ်မယ်လိုရီ ကုမ္ပဏီ၏ မူပိုင်ခွင့်ဌာနတွင် ဒုတိယအကြိမ် အလုပ်တစ်နေရာ ရရှိခဲ့ပြန်သည်။

ဆုံးဖြတ်ချက်ချ

ဖလ္လိုက်သည် ယင်းကုမ္ပဏီတွင်လုပ်ကိုင်စဉ် မူပိုင်ခွင့်လက်မှတ်နှင့်ဓာတ်ပုံများ ပုံစံတူပွားရသည့်အခါများနှင့် မကြာခဏကြုံရလေ့ရှိပြီး အဆင်မပြေမှုများနှင့်လည်း ဖြစ်ပေါ်လေ့ရှိသည်။ ဖလ္လိုက်အနေဖြင့် ၎င်းတို့အား လက်ရေးဖြင့် မိတ္တူပွားရသည်။ ထို့ကြောင့် လုပ်ငန်း သည် အချိန်ကြာရှည်သကဲ့သို့ ငြီးငွေ့ဖွယ်ကောင်းသော အလုပ်လည်းဖြစ်သည်။ ယင်းသို့ အဆင်မပြေမှုများကို နာရီပေါင်းများစွာ ဖြတ်သန်းခဲ့ပြီးနောက် ဖလ္လိုက်သည် ပို၍လွယ်ကူပြီး လုံလောက်စွာ မူပွားကူးနိုင်သည့် နည်းလမ်းကို ရှာဖွေရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဖလ္လိုက်အနေဖြင့် ယင်းနည်းလမ်းကို ရှာဖွေစမ်းသပ်ရန် အချိန်ယူရမည့်အပြင် ငွေကြေးလည်းလိုအပ်ကြောင်း သိမြင်သဘောပေါက်ထားသည်။ သို့ဖြစ်လင့်ကစား ဖလ္လိုက်သည် စမ်းသပ်ကိရိယာများအတွက် တစ်လလျှင် ၁၀ ဒေါ်လာ သုံးစွဲခဲ့သည်။ ၎င်းသည် အားလပ်ရက်များနှင့် ညများအပါအဝင် အားလပ်ချိန်အများစုကို သုတေသနလုပ်ငန်းများတွင်ပင် မြှုပ်နှံသုံးစွဲခဲ့သည်။

ထို့နောက် ဖလ္လိုက်သည် နယူးယောက်မြို့ ကွင်းစ်ဒေသရှိ အစတိုးရီးယားအရပ်ရှိ တိုက်ခန်းတစ်ခန်းတွင်နေထိုင်ကာ ယင်းအခန်း၌ပင် သုတေသနလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ တစ်နေ့တွင် ဖလ္လိုက်သည် စာကြည့်တိုက်၌ စာပေဖတ်ရှုနေစဉ် မမျှော်လင့်ဘဲ တည်ငြိမ်လျှပ်စီးပညာစာအုပ်ကို တွေ့ရှိလေ့လာခဲ့သည်။ ယင်းသို့လေ့လာခဲ့မိခြင်းသည် ဖလ္လိုက်၏ ဓာတ်ပုံကူးစက်တီထွင်ရန် လမ်းစဖွင့်ပေးခဲ့ပြီး ယင်းစာအုပ် ဖတ်ရှုခဲ့ခြင်းကပင် ၎င်း၏ တီထွင်မှုအောင်မြင်ဖြစ်မြောက်စေရန် စေ့ဆော်ပေးခဲ့သည်။

ဖလ္လိုက်အနေဖြင့် ငွေကြေးအခက်အခဲသည် ပြဿနာတစ်ရပ်ဖြစ်ပြီး ယင်းကြောင့် ညပိုင်းတွင် ဥပဒေပညာရပ်ဆိုင်ရာ ကျောင်းတက်ခဲ့ရခြင်းသည်လည်း ၎င်း၏သုတေသနပြုချိန်ကို ဖဲ့ယူသွားခဲ့ပြန်သည်။ ၎င်းသည်ဖခင်ကဲ့သို့ အဆစ်ရောင်နာ ခံစားနေရလင့်ကစား တည်ငြိမ်လျှပ်စီး နည်းပညာနှင့်ပတ်သက်ပြီး စမ်းသပ်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ ၎င်းသည် လက်တွေ့စမ်းသပ်ခန်းကို မီးဖိုချောင်သို့ရွှေ့ပြီး အခြားပစ္စည်းများအနက်မှ ဆာလ်ဖာအား မီးဖိုပေါ်တွင် အပူပေးကာ စမ်းသပ်မှုပြုလုပ်ခဲ့သည်။ ထို့နောက် စမ်းသပ်မှုမှာ ထင်တိုင်းမပေါက်၍ ၎င်း၏ မိထွေးအခန်းသို့ စမ်းသပ်ခန်းရွှေ့ကာ အော့တိုကော်ရ်နီးအမည်ရှိ ဂျာမနီ ရူပဗေဒပညာရှင်ကို ၎င်း၏လက်ထောက်အဖြစ် ငှားရမ်းခဲ့သည်။

အဆင်မပြေ

ဖလ္လိုက်သည် ယင်းအချိန်အထိ လက်တွေ့စမ်းသပ်ခန်းအတွက် တစ်လလျှင်၁၀ဒေါ်လာ သုံးစွဲဆဲဖြစ်ပြီး တည်ငြိမ်လျှပ်စီးနည်းပညာကိုအသုံးပြု၍ ဓာတ်ပုံကူးစက်အသစ်ကို စတင်တီထွင်နိုင်ရေး ဆက်လက်ကြိုးပမ်းခဲ့ပြန်သည်။ ၁၉၃၈ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဖလ္လိုက်နှင့်အော့တိုကော်ရ်နီးတို့သည် ဖယောင်းစက္ကူပေါ်၌ ပထမဦးဆုံး ဓာတ်ပုံပုံတူကို ကူးယူနိုင်ခဲ့သည်။ ၂၂-၁၀-၁၉၃၈ အစတိုရီးယားဟူသော ရက်စွဲပါဝင်သည့် ယင်းပုံသည် ပီပြင်ပြတ်သားမှုမရှိသည့်အပြင် ဆာလ်ဖာနံ့ထွက်နေ၍ အဆင်မပြေခဲ့ပါချေ။

ထို့နောက် ဖလ္လိုက်သည် ဆက်လက်ကြိုးပမ်းရာ ယင်းနှစ်တွင်ပင် လျှပ်စစ်ဓာတ်အားသုံး ဓာတ်ပုံကူးစက်ကို တီထွင်နိုင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဘက်တဲလ်ကုမ္ပဏီက ၎င်းဆက်လက်တီထွင်နိုင်ရန်အတွက် ဒေါ်လာ ၃၀၀၀ သုံးစွဲခွင့်ပေးရန် သဘောတူခဲ့သည်။ ဖလ္လိုက်သည် ၎င်း၏တီထွင်မှုမှရသည့်ငွေများအနက် ဒေါ်လာသန်း ၁၅၀ကို တီထွင်ရန်အတွက်အသုံးပြုပြီး ဒေါ်လာသန်း ၁၀၀ ကို လှူဒါန်းခဲ့သည်။ ထို့အပြင် ၎င်းအား လက်တွဲဖြုတ်ကာ ထွက်သွားသည့် ဂျာမနီမှ ကော်ရ်နီးကိုပင် ထောက်ပံ့ခဲ့သည်။ ၎င်းတီထွင်ခဲ့သည့် Xerox 914 ဓာတ်ပုံကူးစက်သည် ၁၉၈၅ ခုနှစ်တိုင်အောင် ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာ သုံးစွဲ၍ ယနေ့ထက်တိုင် ၎င်း၏ဓာတ်ပုံကူးစက်နည်းပညာကို သုံးစွဲနေကြရဆဲ ဖြစ်သည်။ ဓာတ်ပုံကူးစက်ကိုတီထွင်ခဲ့သူ ချက်စတာဖလ္လိုက်ကာလ်ဆန်သည် ၁၉၆၈ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် နယူးယောက်မြို့၌ ၎င်းတစ်သက်တာ လုပ်ကိုင်ခဲ့သော တီထွင်မှုလောကကြီးကို ကျောခိုင်းသွားခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင်ရေးသားသည်

တစ်ဦးတည်းဖြစ်ကြောင်း

အဖဦးထွန်းကြည်၏သား မှတ်ပုံတင်အမှတ်၈/ခမန(နိုင်)၀၁၃၈၄၇ကိုင်ဆောင်သူ ဦးခင်မောင်ရင်(ခ) ဦးကျော်သန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

ဦးခင်မောင်ရင်(ခ)ဦးကျော်သန်းထွန်း။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၃၅၅၃ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်း ၉/မနမ (နိုင်)၁၁၇၂၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၂၈၇၄ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဌေး ၉/မနမ (နိုင်)၀၃၉၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၄၉၂၇၃ Yamaha DT 125 R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချင်ချုံး ၁၃/လရန(နိုင်)၀၉၃၂၇၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်ရေးနှင့်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်ရေးနှင့်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၅၃၈၀ Honda Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆွေမွန် မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၀၆၅၁၉၅ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ ကညန၊ တိုင်းရုံး(မကွေး)။

ရာသီအလိုက် ဖြစ်တတ်သောရောဂါများ ပြွန်တန်ဆာ၌ ပညာပေးဟောပြော

ပြွန်တန်ဆာ ဇူလိုင် ၂၁

ရာသီအလိုက် ဖြစ်တတ်သော ရောဂါများ ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က ပဲခူးတိုင်း ညောင်လေးပင် မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ၌ကျင်းပရာ ဟောပြောပွဲ အခမ်းအနားသို့ ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့ဆေးခန်းတာဝန်ခံ ဆရာဝန်ဒေါက်တာမြင့်သန်း၊ ရုံးခွဲတာဝန်ခံ ဒေါ်ညွန့်နွယ်စိုး၊ ညောင်လေးပင်မြို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယ မြို့နယ်ဦးစီးမှူး ဦးစောဟုန်းမား၊ သူနာပြုဆရာမ နော်ချစ်ထွေးနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ဆေးဝါးကုသ

အခမ်းအနားတွင် ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့ဆေးခန်းတာဝန်ခံ ဆရာဝန်ဒေါက်တာမြင့်သန်းက ရာသီအလိုက်ဖြစ်တတ်သောရောဂါများ ခေါင်းစဉ်ဖြင့်ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ပညာပေးဟောပြောပြီး(အပေါ်ပုံ) ဆေးဝါးကုသမှုလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခဲ့သည်။

(စာပေနှင့်စာနယ်ဇင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော စင်ယော်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားစည်ပင် တည်းခိုခန်းများ စစ်ဆေး

မြစ်ကြီးနား ဇူလိုင် ၁၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ထားရှိသော တည်းခိုခန်းများအား ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်လဖိန်လုတောင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဇူလိုင် ၇ရက်က တည်းခိုခန်းများ စည်းကမ်းနှင့်အညီဖွင့်လှစ်ထားမှု ရှိမရှိကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် ကျေးလက်ရေပေးရေးအတွက် ရသာကျေးရွာ သောက်ရေကန်အဆင့်မြှင့်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အင်ဂျင်နီယာမှူး ဦးကျော်သူအောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြအေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင် ပန်းပင်များအစားထိုး ပြုပြင်

မိုးညှင်း ဇူလိုင် ၁၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိုးညှင်းမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းအလှပင်များ အစားထိုးပြုပြင်ခြင်း၊ ရေလောင်းပေါင်းသင်ခြင်းများကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

23-7 (16).pmd 1 7/23/2009, 3:26 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

၂၁ ရာစု၏ အချိန်အကြာဆုံး နေကြတ်မှုဖြစ်ပေါ်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

၂၁ရာစု၏ အချိန်အကြာဆုံး နေကြတ်မှုကို ဇူလိုင် ၂၂ ရက် နံနက် ၅နာရီ ၃၁မိနစ်က အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသများ၌ ပထမဆုံး မြင်တွေ့ခဲ့ကြရသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ အစိတ်အပိုင်း အတော်များများနှင့် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသတို့တွင် အမှောင်ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ကမ္ဘာတစ်ဝန်းတွင် A(H1N1) ကြောင့် သေဆုံးသူ ၇၀၀ ကျော်ရှိလာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတင်းထုတ်ပြန် ကြေညာ

ဂျီနီဗာ ဇူလိုင် ၂၂

A (H1N1) တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့သော ဧပြီလကတည်းက ကမ္ဘာနှင့်အဝန်း ယင်းရောဂါကြောင့် သေဆုံးသူ ၇၀၀ ကျော်သွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ဇူလိုင် ၂၁ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

သတိပေးပြောကြား

A(H1N1) တုပ်ကွေးရောဂါကို ကပ်ရောဂါအဖြစ် ဇွန် ၁၁ ရက်က ကြေညာခဲ့သည့် ဒဗလျူအိတ်ချ်အိုက ယင်းကပ်ရောဂါ၏ ဆိုးကျိုးများကို လျော့ပါးသွားစေရေးအတွက် အမျိုးသားကျန်းမာရေး အာဏာပိုင်များ အနေဖြင့် မည်ကဲ့သို့သော စီမံချက်များကို ချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချရမည့်အခြေအနေသို့ရောက်အောင် ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လာပြီဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ✻

အညာမိုးကြောင့် နှမ်းထွက်ကောင်းမည်

နွားထိုးကြီး ဇူလိုင် ၂၂

အညာတွင် ဇွန် ၂၅ ရက်ညက ရွာသွန်းခဲ့သော မိုးကြောင့် နွားထိုးကြီးမြို့နယ် နှမ်းစိုက် ဧက ၁၂၀၀၀၀ ကျော်အပါအဝင် ဆီထွက်သီးနှံ နှမ်းစိုက်ခင်းများ နှမ်းအထွက်တိုးရန် စိတ်ချရပြီဖြစ်သည်။

မကြိုစဖူး ယခုနှစ် နှမ်းခင်းများကောင်းနေ၍ နှမ်းထွက်ပိုမည်ဖြစ်ရာ မြို့နယ်နှမ်းတောင်သူများ အားရပျော်ရွှင်နေကြသည်။ မျှော်လင့်ခဲ့သောမိုး ရွာသွန်းနေသောကြောင့် အညာနှမ်းခင်းများ ယခုနှစ်အောင်မြင်မည်ဟု မိုးမျှော်တောင်သူတို့က ဆိုကြသည်။

(ဝ၉၂)

ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ညောင်တုန်းမြို့နယ်မှ ကျေးရွာချင်းဆက် ပေစိရွာကျောက်ချောလမ်း

➤ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ

➤ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)

➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရေဝတီတိုင်း ပုသိမ်-ညောင်တုန်းမော်တော်ကားလမ်းမှ ပေစိကျေးရွာအုပ်စုသို့ ဖောက်လုပ်ထားသော မြေကြီးလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ခင်းရန် ကျောက်များ ဤသို့ လမ်းဘေးတစ်လျှောက် စုပုံထားသည်။ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)

ရန်ကုန် ဇူလိုင် ၂၂

ညောင်တုန်းမြို့သို့သွားရာ ကားလမ်းပေါ်မှ လှမ်းကြည့်လိုက်သည့်အခါ ကျေးရွာများသို့ ဖောက်လုပ်ရန် မြေသားဖို့ပြီးသော လမ်းတစ်လမ်းကို မြင်တွေ့ရသဖြင့် စီးလာသောကားပေါ်မှ ဆင်းပြီး လမ်းအမည်ကို မေးမြန်းကြည့်ရာ ပေစိကျောက်ချောလမ်းဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ကျောက်ချောလမ်း

ပေစိ ကျောက်ချောလမ်းသည် ညောင်တုန်းမြို့မှ ခုနစ်မိုင်ခန့်အကွာတွင်ရှိပြီး ပုသိမ်-ညောင်တုန်းလမ်းနှင့်တိုက်ရိုက်ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။ မြေကြီး အသားကျနေပြီဖြစ်ရာ ကျောက်ချောလမ်းအဆင့်ခင်းရန် လမ်းတစ်လျှောက် ကျောက်များ စုပုံထားပြီးဖြစ်သည်။

ဝမ်းသာမဆုံး

ကျောက်များ စုပုံထားရာ လမ်းအတိုင်း လမ်းလျှောက်လာသူတစ်ဦးကို မေးမြန်းကြည့်ရာ "ကျွန်တော်က ပေစိရွာသားကိုကျော်စွာမင်းပါ၊အခုလို ရွာအထိ ကျောက်ချောလမ်းခင်းတော့မှာမို့ သွားလာရေးအဆင်ပြေပြီး စိုက်ပျိုးသီးနှံတွေ တင်ပို့ရောင်းချမှုလည်း ရာသီမရွေး ဆောင်ရွက်လို့ရမှာဖြစ်တဲ့အတွက် ဝမ်းသာမဆုံးဖြစ်ရပါတယ်"ဟု ကိုကျော်စွာမင်းက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●